ပဋ္ဌိတာနဥ္စ သေဝနာ ဧတံမင်္ဂလမုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တော်သလင်းလကွယ်နေ့၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၀)၊ အမှတ်(၃၅၈)


## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဆီးရီးယားနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အသစ်အဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာမိုဟာမက် နာဂျီအယ်(လ်)အိုတာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

# အမျိုးသားညီလာခံကြီးတွင် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်ရေး စိတ်ရှည်လက်ရှည်အကောင်အထည်ဖော် စစ်မှန်သည့်ဒီမိုကရေစီစနစ်သို့ သာယာညင်းပျောင်းစွာ အသွင်ကူးပြောင်းသွားနိုင်ရေး အထူးသတိထားလုပ်ဆောင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီပို့ဆောင်ပေးမည်ယုံကြည် မူဝါဒလမ်းစဉ်ခုနစ်ရပ်ချောမောအောင်မြင်စွာပြီးမြောက်ရေး ပြည်သူတစ်ရပ်လုံးကျရာကဏ္ဍမှပူးပေါင်းပါဝင်

ရန်ကုန် စက်တင်ဘာ ၂၄

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကရင်ပြည်နယ် ဘားအံမြို့ သီရိလမ်းမကြီးရှိ သီရိကွင်း၌ တစ်ခဲနက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ သံတောင်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ သူနာပြုများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဘားအံပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပအိုဝ်းတိုင်းရင်းသားများ၊ မွန်တိုင်းရင်းသားများ၊ ကရင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၀၀၀ ကျော်တို့ တစ်ခဲနက် တက်ရောက်ကြသည်။

ကျောဖုံးသို့

## နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်

- ✪ ၁၉၉၆ ခုနှစ်မှစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။
- ✪ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။
- ✪ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုရေးဆွဲခြင်း။
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း။
- ✪ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း။
- ✪ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း။
- ✪ လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင် အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ခြင်း။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

# ခိုင်မာသည့် သမဝါယမအသင်းများဖြစ်အောင် ကြိုးပမ်း ကျွမ်းကျင်မှုနှင့် စေတနာပေါင်းစပ်၍ လက်တွေ့ကျကျလုပ်ကိုင်

မြန်မာနိုင်ငံ၌ ၁၉၀၅ ခုနှစ်မှစ၍ သမဝါယမလှုပ်ရှားမှု စတင်ခဲ့သည်မှာ ယခုအခါ သက်တမ်းနှစ်တစ်ရာနီးပါးခန့် ရှိပြီဖြစ်သည်။ သက်တမ်းအရရော၊ အတွေ့အကြုံအရပါ ရင့်ကျက်နေပြီဟု ဆိုရမည်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးမှုနှင့်အတူ နိုင်ငံတော်က ၁၉၉၂ ခုနှစ်တွင် သမဝါယမအသင်း ဥပဒေသစ်ကိုပြဋ္ဌာန်းပေးခဲ့ပြီး သမဝါယမအခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် လမ်းခင်းပေးခဲ့သည်။

ထို့အပြင် သမဝါယမကဏ္ဍအနေဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းများကို သွက်လက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ၁၉၉၄ ခုနှစ်တွင် သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနကို သီးခြားဖွဲ့စည်းပေးခဲ့သည်။

လယ်ယာ၊ သားငါး၊ စက်မှုလက်မှု၊ သစ်တော၊ သတ္တု၊ ဆောက်လုပ်ရေး စသည့်လုပ်ငန်းကဏ္ဍအလိုက် လုပ်ကိုင်နေသော သမဝါယမအသင်းများအပြင် ဝန်ဆောင်မှုနှင့် ငွေကြေးလုပ်ငန်းဆောင်ရွက်နေသည့် အသင်းများလည်း တည်ရှိနေပြီဖြစ်သည်။

သမဝါယမ ဒီဂရီကောလိပ်နှင့် ကောလိပ်များကလည်း သမဝါယမလုပ်ငန်းများနှင့်စပ်လျဉ်းပြီး အလယ်အလတ် ကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များကို တစ်ဖက်တစ်လမ်းမှ မွေးထုတ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် စက်တင်ဘာလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ အဆိုပါဝန်ကြီးဌာနမှ အကြီးအကဲများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင်-

**"ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီစွာ တန်ဖိုးထားလေးစားထိုက်သော သမဝါယမအသင်းများ တိုးတက်ပြောင်းလဲဖြစ်ပေါ်အောင်၊ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်သော ခိုင်မာသည့် သမဝါယမအသင်းများဖြစ်ပေါ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာ၌ လုပ်ငန်းကျွမ်းကျင်မှုနှင့် စေတနာ ပေါင်းစပ်၍ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။**

ပြောကြားသွားသည်။

သမဝါယမကဏ္ဍအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုရင်း သမဝါယမ၏ အခြေခံအနှစ်သာရများကို တိုးတက်လာစေရန် အားထုတ်ကြိုးပမ်းလျက်ရှိသည်။

သမဝါယမ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုကြည့်လျှင် စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုရရှိစေရန် ဆန္ဒတူညီသူများ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သမဝါယမအသင်းများအနေဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် လူမှုရေးမြှင့်တင်ခြင်း စသည့် သမဝါယမ၏ အနှစ်သာရများကို အခြေခံစီးပွားရေး တိုးတက်မြင့်မားမှုနှင့် လူမှုရေးအဆင့် မြှင့်တင်နိုင်ရေးကို အဓိကထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

မြန်မာ့သမဝါယမ မျှော်မှန်းချက်နှင့်အညီ သမဝါယမများသည် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်အောင် အထောက်အကူပြုသွားရန်နှင့် သမဝါယမ၏ အခန်းကဏ္ဍကို မြှင့်တင်သွားရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

သမဝါယမဝန်ကြီးဌာနအောက်၌ ဦးစီးဌာနနှစ်ခုနှင့် လုပ်ငန်းဌာနတစ်ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သမဝါယမအသင်းများကိုလည်း ကြီးကြပ်ဖွဲ့စည်း ဆောင်ရွက်ပေးလျက်ရှိသည်။ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသော သမဝါယမအသင်းများရှိသကဲ့သို့ လှုပ်ရှားရန်းကန်နေဆဲ သမဝါယမအသင်းများလည်း များစွာရှိသည်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံခြားသုံးငွေ ရှာဖွေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ သင်တန်းကျောင်းများဖွင့်လှစ်ကာ ကြိုးပမ်းစွမ်းဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ သမဝါယမဝန်ကြီးဌာနနှင့် သမဝါယမအသင်းများမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်စီးပွားရေးကို အထောက်အကူပြုနိုင်သော ခိုင်မာသည့် သမဝါယမအသင်းများဖြစ်အောင် ကြိုးပမ်းရင်း လုပ်ငန်းကျွမ်းကျင်မှုနှင့် စေတနာပေါင်းစပ်၍ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## လေအေးစက်၊ရေခဲသေတ္တာ ပြုပြင်မှုသင်တန်း ဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၄**

လေအေးပေးစက်နှင့် ရေခဲသေတ္တာ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ တပ်ဆင်ခြင်းသင်တန်းကို Today Engineering Serviceမှ လုပ်သက်ရင့် ကျွမ်းကျင်အင်ဂျင်နီယာများ ကိုယ်တိုင် စာတွေ့သီအိုရီနှင့်လက်တွေ့ ပြုပြင်နိုင်သည်အထိ Hand Tools စုံလင်စွာဖြင့် တစ်ဦးချင်းစီ စနစ်တကျ သင်ကြားပေးလျက် ရှိသည်။ သင်တန်းကို စက်တင်ဘာ ၂၇ ရက်တွင် ဖွင့်လှစ်၍ သင်တန်းကာလမှာ နှစ်လဖြစ်သည်။

Air-Con, Refrigerator, Freezer, Cold-storage, Chiller, Ice-plants & Washine Machine များကို အကောင်းဆုံး ဝန်ဆောင်မှုဖြင့် Repairing, Installation, Estimating, Servicing & Maintenanceများ ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်၅၈၊ မြေညီထပ်၊ ၇ လမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၀၁၅၂ နှင့် ၂၅၆၄၂၂ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်း ဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၄**

တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်များ၊ ဘွဲ့ကြို၊ ဘွဲ့ရများအတွက် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောကို ကျွမ်းကျင်တတ်မြောက်စွာ ရေးသားပြောဆို လေ့လာနိုင်ရန် Y.E.S Language Centreမှ လစဉ်ဖွင့်လှစ်လျက်ရှိသော Basic Spoken English သင်တန်းကို စက်တင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ Pre Intermediate English သင်တန်းကို စက်တင်ဘာ ၂၇ ရက်တွင် လည်းကောင်း၊ Grammar Foundation Course နှင့် Bocabulary Enrichment Courseကို စက်တင်ဘာ ၂၂ ရက်နှင့် ၂၉ ရက်တွင် လည်းကောင်း၊ ဆရာဦးမြင့်အောင်က သင်ကြားသော SAT Iသင်တန်းနှင့် Academic Writing Course ကို စက်တင်ဘာ ၂ ရက်နှင့် ၂၀ ရက်တွင် လည်းကောင်း၊ AE/ Sat II, TOEFL နှင့် IELTS သင်တန်းများ ကိုလည်း ဖွင့်လှစ်လျက်ရှိရာ စိတ်ပါဝင်စားသူများ Y.E. S Language Centre အမှတ် ၁၁၉၊ Y.W.C.A အဆောက်အအုံ(ပထမထပ်)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၈၂၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် ဆေးပစ္စည်းပြပွဲကျင်းပရေးစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၄**

စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်း ပြပွဲကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေး ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ခဲ့ရာ ၂၀၀၂ ခုနှစ်ထိ သုံးကြိမ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအသီးသီးတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြပွဲများကို အဆင့်မြင့်မြင့် ပြသနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တိုင်းရင်းဆေးဖြင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်ပေးမှုလုပ်ငန်းကို အနောက်တိုင်းဆေးနှင့် တိုင်းရင်းဆေးများ အသုံးပြု၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုတွင် ကျေးလက်ဒေသအောက်ခြေအထိ မိရိုးဖလာအစဉ်အလာအရ အသုံးပြုလျက်ရှိနေကြောင်း၊ လုပ်ငန်းကော်မတီ၌ ပါဝင်သည့် ကော်မတီဝင်များအနေဖြင့် ဆပ်ကော်မတီများတွင် တာဝန်ယူကြမည့် ပုဂ္ဂိုလ်များဖြစ်ပြီး ယခင်နှစ်များက အတွေ့အကြုံရရှိပြီးသူများဖြစ်၍ ယခင်နှစ်များ၏ အစဉ်အလာအတိုင်း အောင်မြင်စွာ ကြိုးပမ်းနိုင်ကြမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

## ဆွမ်းစားဆောင်အတွက် ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၂၄**

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက်၊ ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၈၀ ကျော် အကုန်အကျခံတည်ဆောက်လျက်ရှိသော နှစ်ထပ်ဆွမ်းစားဆောင် ကျောင်းဆောင်သစ်အတွက် ပါဝင်လှူဒါန်းလိုသူများ ကျောင်းဦးစီးပဓာနဆရာတော်သာသနာပြုနယ်လှည့်ဓမ္မကထိကအရှင်ဝိမလ ဖုန်း- ၀၅၇-၂၄၀၀၅၊ တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ဖုန်း- ၀၅၇-၂၃၀၀၄နှင့် အတွင်းရေးမှူး ဦးကိုမင်း ဖုန်း-၀၅၇-၂၅၀၆၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



## မြန်မာဝူရှူးအဖွဲ့ ပြိုင်ပွဲဝင်ရန် ပီကင်းသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ်မြောက် အာရှလူငယ် ဝူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး ခေါင်းဆောင်သည့် မြန်မာလူငယ် ဝူရှူးအားကစားအဖွဲ့သည် ပြိုင်ပွဲမတိုင်မီ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကြိုတင်ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်ကြသည်။ [အပေါ်ပုံ]

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး ခေါင်းဆောင်သည့် မြန်မာလူငယ် ဝူရှူးအားကစားအဖွဲ့တွင် အုပ်ချုပ်သူ ဒေါ်တင်တင်အေး၊ တရုတ်နည်းပြ Mr. Xu Zhou၊ ဒိုင်လူကြီး ဦးခွန်ဂျာအောင်၊ အားကစားသမားများဖြစ်ကြသည့် မျိုးမင်းစိုး၊ ကျော်ဖြိုးဝင်း၊ သူရစိုး၊ ဝေဖြိုးအောင်၊ ကေသီမော်၊ ဟန်နီကိုကို၊ ယဉ်မင်းသူတို့ လိုက်ပါသွားကြောင်း သိရသည်။ **(က-ပ)**

**ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကျင်းပ**

**မကွေး စက်တင်ဘာ ၁၅**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ရက် နံနက်က မကွေးမြို့နယ် ဆားတိုင်ကန်ရွာ အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် မြို့နယ်ပညာရေးမှူး ဦးကျော်လွင်တို့က အမှာစကားပြောကြားပြီး တိုင်းကြက်ခြေနီသူနာပြုတပ်ဖွဲ့ရေးရာကော်မတီအတွင်းရေးမှူး ဦးကျော်မြင့်ဆွေက ကမ္ဘာ့ရှေးဦး ပြုစုခြင်းနေ့အကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးသိုက်ထွဏ်း (တိုင်းရင်းဆေးသမားတော်) တို့က သင်တန်းသားများအား အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ (၃၈၃)

# ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

# ရွှေတံခါးကြီး ဖွင့်လိုက်ပြီ

**ရတနာစည်ဆရာတော် (လွိုင်လင်)**

**(ယမန်နေ့ကအဆက်)**

(ဓ)

မျက်နှာပြင်သုံးခု၌ ထင်ဟပ်မှုများကို ဆက်လက်လေ့လာလျှင် ဤသို့ တွေ့မြင်ရ၏။

လမ်းစဉ်ပါတီအစိုးရမှာ လှုပ်လေမြုပ်လေဖြစ်လာပြီး ယန္တရားစုံပျက်ပြားသွားခြင်း၊ ဆန္ဒပြခေါင်းဆောင်များမှာ အချင်းချင်း စည်းလုံးညီညွတ်မှု လုံးဝမရကြဘဲ အစိုးရလုပ်ချင်ဇောသာ စောနေကြခြင်း၊ ဆန္ဒပြခေါင်းဆောင်များ အနေဖြင့် အနာဂတ် နိုင်ငံတော်ပုံဖော်ရေး အစီအစဉ်များ စနစ်တကျ မဆောင်ရွက်နိုင်ကြဘဲ လမ်းစဉ်ပါတီအစိုးရခေါင်းဆောင် အဟောင်းအသစ်များကို အပုပ်ချနေခြင်းဖြင့် အချိန်ကုန်နေခြင်းနှင့် တပ်မတော်ကိုပါ ထိပါးပုတ်ခတ်နေခြင်း ဟူသော ထင်ဟပ်မှုများကို တွေ့မြင်ရ၏။

ဆန္ဒပြသမားတို့က စက်တင်ဘာလ ၁၆ရက် နေ့လယ် ၁၂း၀၀နာရီတွင် တိရစ္ဆာန်ရုံထောင့် မြေကွက်လပ်၌ တပ်မတော် ခေါင်းဆောင်များကို ဖြောင်ကျကျ ဆဲရေးတိုင်းထွာ စိန်ခေါ်ခဲ့ကြခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက မေတ္တာရပ်ခံသောအခါ လုံးဝဂရုမစိုက်ဘဲတုတ်၊ ဓားကိုင်လူစုလူဝေးဖြင့် အော်ဟစ်ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ထိုမှ စက်တင်ဘာလ ၁၇ရက်တွင်မူ ကုန်သွယ်ရေး ဝန်ကြီးဌာနရုံး အဆောက်အအုံ၌ လုံခြုံရေး တာဝန်ယူနေသော တပ်မတော်သားတို့အား တုတ်၊ ဓား၊ ဂျင်ဂလိ လက်နက်တို့ဖြင့် အကြမ်းဖက် ဝင်ရောက် ဖမ်းဆီးသွားကြသည့် အပြင် လက်နက်မျိုးစုံ ၂၃လက်နှင့် ကျည်မျိုးစုံတို့ကိုပါ လုယက်ယူငင်သွားကြသည်သာမက ယာဉ်သုံးစီးကိုပါ မီးရှို့ဖျက်ဆီးခြင်းစသော လုံးဝမလုပ်အပ်သည့် အကြမ်းဖက်လုပ်ရပ်များ၊ တပ်မတော်ကို ဖြိုခွဲသည့်လုပ်ရပ်များ ဖြစ်ပွားလာလေ၏။

ယင်းကာလများအတွင်း အကြမ်းဖက်လုပ်ရပ်များ၏ သက်ရောက်မှုများ ဖြစ်သော အပျက်အစီးစာရင်းကို ဤသို့ တွေ့ရ၏။

**သက်ရှိအပျက်အစီးစာရင်း**

- တပ်မတော်သား လေးဦးမှာ ဆန္ဒပြဆူပူအကြမ်းဖက်သူများ၏ ဝိုင်းဝန်းအနိုင်ကျင့် ရိုက်နှက် ထိုးခုတ်မှုများကြောင့် သေဆုံးခဲ့ကြရပြီး သုံးဦး ဒဏ်ရာပြင်းထန်စွာ ရရှိခြင်း၊
- ပြည်သူ့ရဲတပ်ဖွဲ့ဝင် နှစ်ဦး ခေါင်းဖြတ်အသတ်ခံရပြီး ၂၄ဦးမှာ ဆန္ဒပြ အကြမ်းဖက်သမားများ၏ တုတ်၊ ဓား၊ ဂျင်ဂလိလက်နက်များဖြင့် တိုက်ခိုက်၍ အသတ်ခံခဲ့ကြရကာ ၁၀ဦး ဒဏ်ရာရရှိခြင်း၊
- အရပ်သား ၅၅ဦး ခေါင်းဖြတ် အသတ်ခံခဲ့ရကာ ၁၈ဦးမှာ တုတ်၊ ဓား၊ ဂျင်ဂလိ လက်နက်ဒဏ်ရာတို့ကြောင့် ထပ်မံသေဆုံးခြင်း။

**သက်မဲ့အပျက်အစီးစာရင်း**

- နိုင်ငံပိုင်ပစ္စည်း ဖျက်ဆီးခံ၊ လုယက်ခံ၊ ခိုးယူခံရ၍ ပျက်စီးဆုံးရှုံး နစ်နာရမှုတန်ဖိုး ကျပ်ငွေ ၆၂ ဒသမ ၁၄ကုဋေ။

ဤမျှအထိ သက်ရှိရော သက်မဲ့ပါ ပျက်စီးဆုံးရှုံးရပုံသည် သာသနာ့သမိုင်း၌ ဝေသာလီပြည် ဘီလူးဝင်စီးခံရသည်ထက် ပိုဆိုး၏။ သတ္တန္တရကပ်ဆိုက်ခြင်း မည်၏။ တစ်ရက်ကုန်လွန်သည်နှင့် အပျက်စာရင်း ၁၀ဆတက်၏။

သည်သို့သော ဖြစ်စဉ်ဖြစ်ရပ် အခြေအနေတွေက တပ်မတော်ကဲ့သို့သော တောင့်တင်းခိုင်မာသည့် အဖွဲ့အစည်းကြီးကို တစ်နိုင်ငံလုံး တာဝန်ယူပါရန် တောင်းဆိုနေပြီဖြစ်ရကား တပ်မတော်သည် စက်တင်ဘာလ ၁၈ ရက်တွင် နိုင်ငံ၏ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ ရယူခဲ့ရပါသည်။

(ဗ)

တပ်မတော်သည် အစီအစဉ်မရှိဘဲ မလွှဲသာ မရှောင်သာ နိုင်ငံ့တာဝန် အရပ်ရပ်ကို ရယူပြီးသည်နှင့်တစ်ပြိုင်နက် ကျရောက်လာသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် တပ်မတော်ကို အသင့်အနေအထားရှိစေကာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို လျင်မြန်စွာ ဆောင်ရွက်ရတော့၏။

ပြည်သူများ လိုလားနေသော ဒီမိုကရေစီစနစ်ကို ကာလဒေသအလျောက် တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ ပါတီများ တရားဝင်မှတ်ပုံတင်ရန်ဖြစ်ကြောင်း၊ ဆန္ဒပြမှုများ လုံးဝရပ်ဆိုင်းရန်ဖြစ်ကြောင်း၊ သပိတ်စခန်းများ ပိတ်သိမ်းရန်ဖြစ်ကြောင်းဖြင့် ချက်ချင်းကြေညာချက်များ ထုတ်ပြန်ပေး၏။ တပ်မတော်က စေတနာအပြည့်အဝဖြင့် ပြောကြားအပ်သော ပန်းစကားကို ဆူးစကားထင်လျက် နားဝင်အောင် မသွင်းကြတော့ဘဲ ဝရုန်းသုန်းကားဟိုပြေး သည်လွှားဖြစ်စဉ်များကိုလည်း ဤကာလအတွင်း တွေ့မြင်ရ၏။ တပ်မတော်ကမူ သတိကြီးစွာဖြင့်သာ ဤမီးကို ငြိမ်းအောင်ငြှိမ်းနေကြောင်း တွေ့မြင်ရ၏။

သပိတ်မှောက်မှုများနှင့် သပိတ်စခန်းများဟူသော မီးကိုငြိမ်းအောင် ငြှိမ်းပြီးနောက် တပ်မတော်သည် မီးကြောင့် အချို့အဝက် ပြာကျ၍ အချို့အဝက် ထိုးထိုးထောင်ထောင် ကျန်ရစ်သော မီးလောင်အိမ်ကြီးပမာတူစွာ ဖြစ်ကျန်ရစ်ခဲ့သည့် နိုင်ငံတစ်ဝန်းလုံးကို ပြာပုံကုန်စင်အောင် မီးလောင်ပြင်သန့်ရှင်းရေး တပ်မတော်ချွေးဖြင့် ဆေးကြောခဲ့လေ၏။

မီးလောင်ပြင်ကို သန့်စင်ပြီးနောက် ထိုမီးလောင်ပြင်ပေါ်၌ ခံ့ညားထည်ဝါသော အဆောက်အအုံကြီး တည်ဆောက်နိုင်ရန် ပန္နက်တင် အုတ်မြစ်ချ လှုပစွာလှုပ်ရှားနေပုံတို့ကိုလည်း တစ်ရက်ပြီး တစ်ရက်၊ တစ်ကွက်ပြီးတစ်ကွက် အဆက်မပြတ် တွေ့မြင်နေရ၏။ ယင်းနှင့်အတူ မွေတော်ဓာတ်တော်အစုအပုံ စေတီတော်အစုံစုံ သာသနိကအဆောက်အအုံတို့ကိုလည်း ဂုဏ်နှင့်ဒြပ်လိုက်ဖက်အောင် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ကာ သာသနာရေး အထူးအားပေးနေပုံတို့ကိုပါ တွေ့မြင်ရလေ၏။

ဤတွင် အရေးအခင်းကာလ သာသနာ့အခြေအနေကို သုံးသပ်သင့်ပြန်၏။ ထိုကာလ၌ လမ်းစဉ်ပါတီအစိုးရ အာစလ္လာစ မထိရောက်တော့ခြင်းနှင့်အတူ အဆင့်ဆင့်သော သံဃနာယက အဖွဲ့အစည်းတို့သည်လည်း အစည်းပြေ မယောင်ယောင် ကြုံနေရလေ၏။ ဆန္ဒပြသမားတို့၏ မြှောက်ထိုးပင့်ကော်မှုကြောင့် ငယ်ရွယ်ရဟန်းအချို့ သပိတ်စခန်းထဲရောက်သွားကြပြီး သူတို့သည်ပင် သံဃနာယက ယောင်ယောင်ဖြစ်လာကြ၏။ သူတို့ကပင် တကယ့် သံဃနာယကအဖွဲ့များကို လှုပ်ကိုင်နိုင်စွမ်းရှိလာသယောင်ယောင် ဖြစ်လာကြ၏။ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများထံသို့ပင် ပြောင်ပြောင်တင်းတင်း သွားရောက်ကြကာ သာသနာအတွက် အမှန်လိုအပ်၍ ထုတ်ပြန်ထားသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အမိန့်များကို ပြန်လည် ရုပ်သိမ်းပေးရန် တောင်းဆိုဝံ့သည်အထိ ဖြစ်လာကြ၏။ ကြာလာလျှင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကိုပင် နှင်ထုတ်ဝံ့ လာကြမည်လော မပြောတတ်သည်အထိ သာသနာရေး ဆုတ်ယုတ်ကျဆင်းမှုစီးကြောင်း ဖြစ်ပေါ်ခဲ့ပါသည်။

ယင်းငရဲစီးကြောင်း (အပါယ ဂမနိယ)ကိုလည်း တပ်မတော်သည် လျင်မြန်စွာ ပိတ်ပေးနိုင်ခဲ့ပါသည်။

ဤသို့ဤပုံ တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူပြီးနောက် ကျေပွန်စွာဖြင့် အတွင်းမီးများကို ငြိမ်းအောင်ငြှိမ်းကာ မီးလောင်ပြင်၌ တိုက်ကြီးဟည်းနေအောင် တည်ဆောက်နေသကဲ့သို့ တစ်ဖက်မှာလည်း အပြင်မီးဟုဆိုအပ်သည့် သောင်းကျန်းသူတို့၏ ထကြွမီးများကို မီးလောင်ပြင်ထဲ ဝင်ရောက်လျက် သက်စွန့်ဆံဖျားငြှိမ်းနေရပြန်ပါသည်။

(ည)

ထိုအချိန်ကာလများအတွင်း ဗကပတို့သည် အာဏာကို ဖြတ်လမ်းမှ ရယူနိုင်ရန်အတွက် ရှမ်းပြည်နယ်တစ်ခုလုံးကို စစ်ရေးဖြင့်သိမ်းကာ ထိုမှတစ်ပြည်လုံးကိုသိမ်းရန် ရည်ရွယ်ချက်ဖြင့် အရေးအခင်းကာလကို အခွင့်ကောင်းယူလျက် မိုင်းယန်းဒေသကို မီးကုန်ယမ်းကုန် တိုက်ခိုက်လာသကဲ့သို့ ကေအင်န်ယူတို့ကလည်း မဲသဝေါဒေသကို အလုံးအရင်းနှင့် တိုက်ခိုက်လာခဲ့ရာ တပ်မတော်သည် အသက် သွေးချွေး မြောက်မြားစွာပေးအပ်ရင်း ထိုထိုမီးများကိုလည်း ငြိမ်းအောင် ငြှိမ်းခဲ့ရပြန်၏။

၁၉၈၈ခုနှစ် စက်တင်ဘာလမှ ၁၉၉၁ခုနှစ် မေလအထိ တိုက်ပွဲကြီးပေါင်း ၁၃၀၁ပွဲ၊ တိုက်ပွဲငယ်ပေါင်း ၅၇၅၅ပွဲ ဆင်နွှဲခဲ့ရကြောင်း လေ့လာတွေ့ရှိရ၏။ မိမိဘက်မှ စစ်သည် ၃၂၆၆ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရကာ ၁၁၂၁၀ဦး ဒဏ်ရာရ၊ ၁၈၆ဦးပျောက်ဆုံး၊ လက်နက်မျိုးစုံ ၁၈၀၉လက် ဆုံးရှုံးခဲ့၍ ရန်သူ့ဘက်မှ ၄၃၅၆ဦး သေဆုံး၊ ၈၈၁ဦး ဖမ်းမိ၊ ၁၅၄၄ဦး လက်နက်ချ၊ လက်နက်မျိုးစုံ ၃၇၃၅လက်ကို တပ်မတော်က သိမ်းဆည်းရမိဟူသော ခယောင်းတော သမိုင်းဖြစ်စဉ် အမှတ်ထင်ထင် တင်ကျန်ရစ်ခဲ့၏။

ခယောင်းတောသမိုင်းဖြစ်စဉ်ဟု ဆိုရခြင်းမှာ အခြားကြောင့်မဟုတ်။ ထိုစဉ်က အတွင်းသို့ စိမ့်ဝင်ကာ ပူးကပ်ရောနှော ဆန္ဒပြဆူပူမှုနှင့် လက်နက်ကိုင်သောင်းကျန်းသူများအကြား အများမမြင်သာသော မြေအောက်အဆက်အသွယ်လိုင်း ရှိနေသောကြောင့် ဖြစ်၏။ မြေပေါ်နှင့် မြေအောက်ညှပ်ပူးညှပ်ပိတ်တိုက်ပွဲကြောင့် ဖြစ်၏။ ထို့ကြောင့် ယင်းဖြစ်စဉ်များအပေါ် သာမန်သုံးသပ်ချက်များဖြင့် မှတ်ချက်မှန်များ ပေးနိုင်လိမ့်မည်မဟုတ်။ မှတ်ချက်မှန်ဖို့ လေးနက်စွာ အမြော်အမြင်စူးစူး သုံးသပ်အပ်၏။

ထိုစဉ်က တပ်မတော်သည် အတွင်းမီးကိုရော အပြင်မီးကိုပါ ဘယ်ပြန်ညာပြန် မနားတမ်း အထူးအားစိုက်ငြှိမ်းနေရခြင်းဖြစ်ပေရာ အကယ်၍ တပ်မတော်သာ စွမ်းရည်ရှိသော တပ်မတော်မဟုတ်ခဲ့လျှင် ယနေ့မြန်မာနိုင်ငံသည် အောက်ပါ အခြေအနေများအနက် တစ်မျိုးမျိုးထင်ဟပ်နေပေလိမ့်မည်။

၁။ ဗကပတို့ ရည်မှန်းချက်ပြည့်သွားလျှင် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှ ဖြစ်စဉ်ကဲ့သို့သော သွေးပွက်၊ သွေးအိုင်များ ရန်ကုန်၊ မန္တလေးမှာပင် ဖြစ်ပေါ်ပြီး လက်ဝဲဝါဒနိုင်ငံ ဖြစ်နေခြင်း။

၂။ ကေအင်န်ယူတို့ ရည်မှန်းချက်ပြည့်သွားလျှင် အနည်းဆုံး ကရင်ပြည်နယ် ကွဲထွက်ကာ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့ ဆက်တိုက်ကွဲထွက်ပြီး တိုင်းနှင့်ပြည်နယ်များအချင်းချင်း သွေးချောင်းစီးဖြစ်စဉ်များဖြင့် တစ်နိုင်ငံလုံး မွှမွှကြေနေခြင်း။

၃။ အနောက်သြဇာခံ ကျွန်လက်သစ်ဘဝရပ်သေးအစိုးရ၏ မနိုင်မနင်းအုပ် ချုပ်မှုအောက်၌ မလုံခြုံသော နိုင်ငံဖြစ်နေခြင်း။

သို့များမဟုတ်လျှင်–

၄။ နိုင်ငံတွင်း မီးတောက်မီးလျှံများ ကူးစက်မှုကို နယ်နိမိတ်ချင်းစပ်နေသည့် ပတ်ပတ်လည် နိုင်ငံများပါ ခံလာရပြီး မခံနိုင်သည့်အဆုံး ဒေသကြီးတစ်ခုလုံး စစ်မက် ဖြစ်ပွားနေခြင်း။

မချွတ်ဖြစ်လတ္တံ့သော ယင်းဖြစ်စဉ်ဆိုးကြီးများဖြစ်ပွားမလာအောင် တပ်မတော်သည် ကျားကုတ်ကျားခဲ ကြိုတင်ကာကွယ်ခဲ့ရပြီး ဆက်လက်၍ အမြော်အမြင်ရှိရှိ စွမ်းရည်ရှိရှိဖြင့် စွမ်းဆောင်နိုင်၍သာ ယနေ့ မြန်မာနိုင်ငံသည် အမှန်ပင် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ဦးမော့လာနေခြင်း ဖြစ်၏။ တစ်နည်းပြောရလျှင် တပ်မတော်က စေတနာရှိရှိဖြင့် ဒီမိုကရေစီနှင့် ထိုက်တန်သော အခြေအနေကောင်းကို ဖော်ဆောင်ပေးနေခြင်းဖြစ်ပါသည်။

**“မိမိတို့မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အတိတ်ကာလ လက်တွေ့ကျင့်သုံးခဲ့ရာတွင် အကြိမ်ကြိမ်အခက်အခဲများ အကျဉ်းအကျပ်များ ကြုံတွေ့ခံစားခဲ့ရပြီးဖြစ်ကြောင်း။**

**“လွတ်လပ်ရေး ရပြီးကတည်းက ပါတီစုံပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိသည်ကတစ်ကြောင်း၊ ပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးမှုဘဝ မဖွံ့ဖြိုး မတိုးတက်သည်က တစ်ကြောင်းတို့ကြောင့် ပါတီစုံ ပါလီမန်ဒီမိုကရေစီသည် မျှော်မှန်းသလိုမအောင်မြင်ဘဲ ပြည်ထောင်စုပြိုကွဲလုဆဲဆဲအထိ အန္တရာယ်ကြီးမားခဲ့ကြောင်း။**

**“ဒီမိုကရေစီထွန်းကားရေး၏ အခြေခံအကြောင်းတရားမှာ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဒီမိုကရေစီကျင့်သုံးမည်ဆိုလျှင် မင်းမဲ့စရိုက်ထွန်းကားရေးကိုပင် ဦးတည်သွားမည်ဖြစ်ကြောင်း။”**

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
**၂၅၊ နိုဝင်ဘာ၊ ၁၉၉၈ခုနှစ်**

(ဋ)

ဒီမိုကရေစီ ဟူသော အပေါ်လွှာအတွက် တည်ငြိမ်အေးချမ်းလွှာနှင့် ဖွံ့ဖြိုးတိုးတက်လွှာဟူသော အောက်ထပ်နှစ်လွှာရှိထားရ၏။ ယင်းအောက်ထပ်နှစ်လွှာ မခိုင်မာခဲ့၍ ဒီမိုကရေစီအပေါ်လွှာပြိုကျခဲ့ရဖူးပြီး ဤတစ်ကြိမ်မှာတော့ အောက်ထပ်နှစ်လွှာခိုင်မာတောင့်တင်းအောင် တည်ဆောက်ရင်းသာ အပေါ်လွှာတည်ဆောက်ရန် သမိုင်းသင်ခန်းစာရရှိထားလေပြီ။ ထို့ကြောင့်ပင် တပ်မတော်သည် အောက်နှစ်လွှာကို ခိုင်မာအောင် တည်ဆောက်ရင်း အပေါ်လွှာအတွက် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်မှာ ခေါ်ယူကျင်းပပေးခဲ့လေပြီ။ အရှိန်အဟုန် ကောင်းကောင်းရလာပြီး ညီညီညွတ်ညွတ် အင်ပြည့်အားပြည့်ရှိလာကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးတစ်ခု ပေါ်ထွန်းလာဖို့အရေး မဝေးတော့ကာမှ အမျိုးသားညီလာခံအဖို့ ဝါးရင်းတုတ်ဖြင့် ညို့သကျည်းကို အရိုက်ခံရသူပမာ ကြုံရပြန်လေ၏။

ယင်းသို့ တုံ့ဆိုင်းသွားခဲ့ရသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနိုင်ရန် ယခုနိုင်ငံတော်အစိုးရက လူသိရှင်ကြား နိုင်ငံသိ ကမ္ဘာကြား ဖွင့်ပေးလာပါပြီ။

အားလုံးသော အားလုံးတို့သည် အကျိုးအကြောင်း၊ အဆိုးအကောင်းတို့ကို ဓမ္မဓိဋ္ဌာန်ဖြင့် ဝေဖန်စိစစ်သင့်ပါကုန်၏။အတ္တနှင့်မာနကို ခဝါချသင့်ပါကုန်၏။ အမျိုးသားရေးအမြင် ကြည်လင်အပ်ကြပါကုန်၏။ တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော် ပေါင်းစုလျက် အရေအတွက် ငါးဆယ့်နှစ်သန်းရှိသော မြန်မာပြည်သူများ အရေးကို ပုဂ္ဂိုလ်ရေး၊ ပါတီရေးတို့ထက် အလေးတထား တလေးတစား စဉ်းစားမြော်မြင်အပ်ကြပါကုန်၏။ မိမိတို့ အမျိုးသားအရေးကို ဆွေးဆွေးနွေးနွေး တိုင်တိုင်ပင်ပင် ကြည်ကြည်လင်လင် လွင်လွင်သစ်သစ် ပြန်ဖြစ်ဖို့အခွင့်အရေး ပြန်လည်လမ်းပွင့်လာနေပါချေပြီ။

စိတ်အခန့်မသင့်တိုင်း အိမ်အပြင်ထွက်ပြီး ရွာရိုးကိုးပေါက် လျှောက်အော်ကာ ရှုးသွပ်ပြနေရုံမျှဖြင့် ပြဿနာက ပြေလည်မလာနိုင်ပါ။ ကယ်ပါမပါ တစာစာ အော်ရင်း အပြင် ၃၇မင်းကို အပြင်းစား အားကိုးနေရုံမျှဖြင့် ပြဿနာက ပြေလည်မလာနိုင်ပါ။

တပ်မတော်အနေဖြင့်မူ ၈၈ခု သိမ်ငယ်သောမြန်မာအဖြစ်မှ သက္ကရာဇ် နှစ်ထောင် ထွန်းပြောင်သော မြန်မာအဖြစ်သို့ရောက်အောင် စွမ်းဆောင်ပုံဖော်ပေးကာ လက်နှင့်ယှယှစွာရေးခဲ့ရသည်များကိုတဒင်္ဂအတွင်း ခြေနှင့်အဖျက်ခံဖို့ဆိုသည်မှာ လုံးဝဆို လုံးဝမှလုံးဝ စိုးစဉ်းမျှ အဖြစ်ခံလိမ့်မည်မဟုတ်ပါ။ တပ်မတော်ကိုယ်စား ခံစားတတ်လျှင် ပြဿနာ ပြေလည်မည်။ တပ်မတော်နှင့်အတူ ကြည်ဖြူလက်တွဲတတ်လျှင် ပြဿနာ ပြေလည်မည်။ တပ်မတော်နှင့်အတူ ဂုဏ်ယူဝင့်ဝါတတ်လျှင် ပြဿနာ ပြေလည်မည်။ ပြေပြေလည်လည် အေးအေးချမ်းချမ်း လှမ်းဝင်ပါကုန်။

(ဠ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ဖွင့်ပေးလိုက်ပါသော ဒီမိုကရေစီမုခ်ဦး ရွှေတံခါးကြီး အတွင်းသို့ မျှော်ကြည့်လိုက်လျှင် လှေကားထစ် ခုနစ်ထစ်ကို တွေ့မြင်ရ၏။

**ပထမ – အမျိုးသားညီလာခံ ပြန်လည်ကျင်းပ။**
**ဒုတိယ – အောင်မြင်ပြီးသောအခါ လိုအပ်သည်များ ဆက်ဆောင်ရွက်။**
**တတိယ – ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ။**
**စတုတ္ထ – ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြု။**
**ပဉ္စမ – လွှတ်တော်များ ဖွဲ့စည်းရန် ရွေးကောက်ပွဲကျင်းပ။**
**ဆဋ္ဌမ – လွှတ်တော်ကိုယ်စားလှယ်များဖြင့် အစည်းအဝေးကျင်းပ။**
**သတ္တမ – လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့နှင့် အာဏာပိုင် အဖွဲ့အစည်းများဖြင့် ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်။**

ထိုကာလသို့ ရောက်လျှင် နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့နှင့် အာဏာပိုင်များအဖြစ် ထွန်းသစ်လာမည့် ပုဂ္ဂိုလ်လောင်းလျာများပီပီ ယင်းလှေကား ခုနစ်ထစ်ကို တပ်မတော်နှင့်လက်တွဲကာ လှပစွာတက်နိုင်ဖို့တော့ အမှန်လိုအပ်ပါလေ၏။

ယခုတစ်ဖန် ထပ်မံ၍ နိုင်ငံတော်အစိုးရဘက်က ကြေညာချက်အမှတ် (၁၀/၂၀၀၃) ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ထုတ်ပြန်ပေးထားပြန်လေပြီ။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူးအဖြစ် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ တွဲဖက် အတွင်းရေးမှူးအဖြစ် ဗိုလ်ချုပ်ခင်အောင်မြင့်တို့က ဦးဆောင်ကာ လုပ်ငန်းကော်မတီများနှင့် ကော်မတီအသီးသီးတို့က ပုဂ္ဂိုလ်လောင်းလျာများ လှေကားထစ်ကို လွယ်ကူစွာတက်နိုင်အောင် အားပေးခေါ်ဆောင်ကြပါတော့မည်။

(ဍ)

**ရွှေတံခါးကြီး ဖွင့်လိုက်ပြီ။ ဖွင့်လိုက်ပါပြီ။**
**လာပါလှည့်။ ရှင်ပျကြည်သာ ဝင်လာပါလှည့်။ ■**

# ဘုရှ်ကိုထောက်ခံသည့်နှုန်း အနိမ့်ဆုံးသို့ရောက် ယခုအနေအထား၌ ရွေးကောက်ပွဲလုပ်လျှင် ဘုရှ် ရှုံးရဖွယ်ရှိ

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် ခါဒီယာမြို့တွင် အီရတ်ပြည်သူများက ဆက်ဒမ် ဟူစိန် ရုပ်ပုံကားချပ်ကို ကိုင်ကာ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)



ဝါရှင်တန် စက်တင်ဘာ ၂၃

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ကို ထောက်ခံသည့်နှုန်းသည် သူသမ္မတရာထူးယူခဲ့ချိန်မှစပြီး အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားပြီး အကယ်၍ ယခုအခါ ရွေးကောက်ပွဲလုပ်မည်ဆိုလျှင် ဒီမိုကရက်တစ် သမ္မတလောင်းကို အရှုံးပေးရဖွယ်ရှိကြောင်း တနင်္လာနေ့က ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းအရ သိရသည်။**

ဘုရှ်လုပ်ငန်းကို ထောက်ခံမှုသည် စီအင်န်အင်န်၊ ယူအက်စ်အေတူဒေး၊ လောလ်အပ် လူထုသဘောထားကောက်ယူချက်၌ ၅၀ ရာခိုင်နှုန်းရှိသည်။ မတ်လကုန်ပိုင်းက ၇၁ ရာခိုင်နှုန်းနှင့် ဩဂုတ်လ အစောပိုင်းက ၆၀ ရာခိုင်နှုန်း ရှိခဲ့သည်။

လူထုသဘောထား စူးစမ်းလေ့လာချက်အရ အီရတ်တွင်ဖြစ်ပွားသော စစ်ပွဲတွင် အမေရိကန်တို့ သဘောကွဲခဲ့ကြကြောင်းကို ပြသနေသည်။

အမေရိကန်နိုင်ငံသား လူထုသဘောထားပေးသူ ထက်ဝက်ကသာ စစ်ပွဲသည် ထိုက်ထိုက်တန်တန်ရှိသည်ဟု ပြောဆိုကြရာ ဩဂုတ်လကုန်ပိုင်းက ရှိခဲ့သည့် ၆၃ ရာခိုင်နှုန်းမှာ လျော့ကျခဲ့ခြင်းဖြစ်သည်။

လူထုသဘောထား ကောက်ယူခံရသူ ၉၀ ရာခိုင်နှုန်းနီးပါးက စစ်ပွဲပြီးဆုံးပြီးဟု မထင်ကြောင်း ပြောဆိုကြရာ လွန်ခဲ့သည့်တစ်လကထက် ၆၃ ရာခိုင်နှုန်း ပိုများလာခဲ့သည်။

ထို့ပြင် စူးစမ်းလေ့လာချက်အရ ဘုရှ်သည် ဒီမိုကရက်တစ်သမ္မတလောင်း နှစ်ဦးနောက်မှ ကပ်လိုက်နေကြောင်းတွေ့ရသည်။ အကယ်၍ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲကို ယနေ့ ကျင်းပမည်ဆိုလျှင် လွန်ခဲ့သည့်အပတ်၌ သမ္မတ ယှဉ်ပြိုင်အရွေးခံပွဲသို့ ပါဝင်လာခဲ့သော နေတိုးတပ်မှူးဟောင်း ဝက်စ်လီကလပ်က ဘုရှ်ကို ၄၈ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းအထိဖြင့် ထိုးနှက်အနိုင်ရမည်ဖြစ်ပြီး အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက ၄၈ မှ ၄၇ ရာခိုင်နှုန်းအောင်နိုင်မည်ဖြစ်ကြောင်း စစ်တမ်းအရသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အမေရိကန်နှင့်မက္ကဆီကိုကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကလေးများနှိပ်စက်ခံရပြီးသေဆုံးမှု မြင့်မားကြောင်းယူနီဆက်အစီရင်ခံစာ၌ဖော်ပြ

နယူးယောက် စက်တင်ဘာ ၂၃

**ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသက် ၁၅ နှစ်အောက် ကလေး ၃၅၀၀ ခန့်သည်ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခံရမှုနှင့် လျစ်လျူရှုခြင်းခံရမှုတို့ကြောင့် နှစ်စဉ်သေဆုံးကြရသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ထုတ်ပြန်သော ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထားသည်။**

ဖွံ့ဖြိုးပြီး ၂၇ နိုင်ငံမှလူငယ်များအပေါ်ညှဉ်းပန်းနှိပ်စက်မှုနှင့်ဆိုင်သည့် အချက်အလက်များကို စုပေါင်းပြီး ဖော်ပြထားသော ယူနီဆက်၏ အပြစ်ကင်းမှု အစီရင်ခံစာတွင် ဂရိ၊ အီတလီ၊ အိုင်ယာလန်၊ နော်ဝေနှင့် စပိန်နိုင်ငံတို့၌ ကလေးများညှဉ်းပန်းနှိပ်စက်ခံရမှုကြောင့် သေဆုံးမှုဖြစ်ပွားခြင်း လျော့နည်းသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

### ဖော်ပြ

အမေရိကန် ပြည်ထောင်စု၊ မက္ကဆီကိုနှင့်ပေါ်တူဂီတို့၌ ကလေးများညှဉ်းပန်းနှိပ်စက်ခံရမှုကြောင့် သေဆုံးသည့်အမှုသည် ၁၀ဆနှင့် ၁၅ ဆကြား မြင့်မားပြီး ဘယ်ဂျီယံ၊ ချက်သမ္မတနိုင်ငံ၊ နယူးဇီလန်၊ ဟန်ဂေရီနှင့် ပြင်သစ်တို့၌ လေးဆနှင့်ခြောက်ဆအထိ မြင့်မားကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

### ထင်ရှား

နှစ်စဉ် ကလေးထောင်ပေါင်းများစွာ ၎င်းတို့၏ နေအိမ်များ ကျောင်းများ သို့မဟုတ်အဖွဲ့အစည်းများအတွင်း အကြမ်းဖက်ခံရပြီး နှစ်စဉ် သေဆုံးရခြင်းသည် ကလေးများအား စနစ်တကျ အကာအကွယ် မပေးကြောင်း ထင်ရှားသည်ဟု ယူနီဆက်က ပြောကြားသည်။

**(အမ်အင်အေ၊ဗီတီအိုင်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## အမေရိကန်ကိုဒေါသဖြစ်မှု၊ ကြောက်ရွံ့မှုနှင့် မယုံကြည်မှု အီရတ်စစ်ပွဲစသည်မှ ကမ္ဘာအနှံ့ အပြား၌ ကြီးထွားလာနေ

နယူးယောက် စက်တင်ဘာ ၂၃

**အခြားနိုင်ငံများ၏ခေါင်းဆောင်များသည် အမေရိကန်နှင့်ပူးပေါင်းဆောင်ရွက်ရန် အခက်အခဲပို၍တွေ့လာနေကြရာ အမေရိကန်ပြည်ထောင်စုအပေါ် ဒေါသဖြစ်မှု၊ ကြောက်ရွံ့မှုနှင့်အယုံအကြည်ကင်းမဲ့မှုတို့သည် အီရတ်စစ်ပွဲစတင်ခဲ့သည်မှ ကမ္ဘာ့ဒေသအနှံ့အပြားတွင် ပို၍ ကြီးထွားလာသည်ဟု ပညာရှင်များအဖွဲ့က တနင်္လာနေ့၌ ပြောကြားလိုက်သည်။**

ကြီးထွားလာသော အမေရိကန်ဆန့်ကျင်ရေးပြဿနာမှာ အလွန်ကြီးမားသည်ဖြစ်ရာ အမေရိကန်၏ တုံ့ပြန်မှုသည် မြန်ရမည်၊ ခိုင်မာရမည်၊ ထောက်မမှုဖြစ်ရမည်ဟု အစိုးရအရာရှိဟောင်းကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းစာဆရာများနှင့် ပညာရှင်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံခြား ဆက်ဆံရေးကောင်စီ အစီရင်ခံစာက ပြောကြားသည်။

### သံသယဖြစ်

အမေရိကန်ဆန့်ကျင်ရေးသည် မိမိတို့အမျိုးသားလုံခြုံရေးကို အန္တရာယ်ဖြစ်စေပြီး မိမိတို့၏ သံတမန်ရေးဆောင်ရွက်မှု၏ အကျိုးသက်ရောက်မှုကို ယုံမှား သံသယဖြစ်စေကြောင်း ယင်းအစီရင်ခံစာက ဆိုသည်။

### လိုအပ်

လွန်ခဲ့သည့်နှစ်တွင် ပြည်သူ့သံတမန်ရေးဆောင်ရွက်မှု တိုးတက်စေရန် ဘုရှ်အစိုးရက ပထမအဆင့် ဆောင်ရွက်မှုများကို ကတိအချို့ပေးခဲ့သော်လည်း နောက်ထပ် လိုအပ်ခဲ့ကြောင်း အဆိုပါ ပညာရှင်များအဖွဲ့က ပြောဆိုသည်။ အမေရိကန်ဆန့်ကျင်ရေး ကြီးထွားလာခြင်းသည် နိုင်ငံခြားခေါင်းဆောင်များအနေဖြင့် မိမိတို့နှင့် ပူးပေါင်း ဆောင်ရွက်ရန် အခက်အခဲပိုတွေ့နေရသည်ဆိုသော အဓိပ္ပာယ်ကိုဆောင်ကြောင်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌက ထုတ်ပြန်သော ကြေညာချက်တွင် ပြောဆိုထားသည်။

**အမ်အင်အေ၊ရိုက်တာ**



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက် ဖော်လူဂျာမြို့ လမ်းမကြီးတစ်ခုပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးစောင့်ကြပ်နေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အီရတ်စစ်ပွဲကို ဗြိတိန်အများစု ဆန့်ကျင် လူထုသဘောထား စစ်တမ်း၌ ဖော်ပြ

**လန်ဒန် စက်တင်ဘာ ၂၃**

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဗြိတိန်မဲဆန္ဒရှင်များအတွင်း ထောက်ခံသူဦးရေထိုးကျလာခဲ့ရာ အများစုက စစ်ပွဲသည်တရားမျှတမှုမရှိကြောင်း ပထမဆုံးအကြိမ် ယုံကြည်လာခဲ့ကြသည်ဟု လူထုဆန္ဒသဘောထားကောက်ယူချက်၌ ဖော်ပြထားသည်။

မဲဆန္ဒရှင်များ၏ စုစုပေါင်း ၅၃ ရာခိုင်နှုန်းက စစ်ပွဲသည် တရားမျှတမှုမရှိဟု ယုံကြည်ကြပြီး ၃၈ ရာခိုင်နှုန်းကသာ ထောက်ခံကြောင်း အိုင်စီအမ် လူထုသဘောထားစစ်တမ်းက ဂါဒီယန်သတင်းစာ၌ ဖော်ပြထားသည်။

ဧပြီလထဲ၌ ဗြိတိသျှလူထု၏ စစ်ပွဲကိုထောက်ခံမှုသည် ၆၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇူလိုင်လထဲ၌ ၅၁ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည်။ ယခုနောက်ဆုံးလူထုသဘောထားစစ်တမ်း ရှာဖွေတွေ့ရှိချက်များက ဝန်ကြီးချုပ် တိုနီဘလဲကို ထပ်မံထိုးနှက်ခဲ့သည်။

ကယ်လီ မိမိကိုယ်မိမိသတ်သေမှုနှင့် အီရတ်အား ကျူးကျော်တိုက်ခိုက်ခြင်းကိုဆန့်ကျင်မှုများကြောင့် ဘလဲ၏အာဏာရလေဘာပါတီသည် ၁၀ နှစ်ကျော်ကာလအတွင်း လူထုထောက်ခံမှု အနိမ့်ဆုံးအဆင့်သို့ရောက်ခဲ့ရသည်ဟု ဂါဒီယန်က ဆိုသည်။

လာမည့် ၂၀၀၆ ခုနှစ်လယ်၌ ကျင်းပမည့် ရွေးကောက်ပွဲ၌ ဘလဲ၏ပါတီကို ထောက်ခံလိုသူ ၃၅ ရာခိုင်နှုန်းသာရှိကြောင်း အိုင်စီအမ် လေ့လာချက်အရ သိရသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံခါဒီယာ၌ ချုံခိုတိုက်ခိုက်ခံရသည့် အမေရိကန်စစ်ယာဉ်အနီးတွင် အီရတ်ပြည်သူများ အောင်ပွဲခံနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)



# ကျူးကျော်သိမ်းပိုက်သူများအား အီရတ်ပြည်သူများက နေ့စဉ်ခုခံတိုက်ခိုက် ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်၍ အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

**အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များကျူးကျော်သိမ်းပိုက်ခဲ့သည့်အချိန်မှစ၍ အီရတ်တို့က ပြောက်ကျားနည်းစနစ်များဖြင့်နေ့စဉ် ခုခံတိုက်ခိုက်လျက်ရှိရာ အမေရိကန်နှင့်ဗြိတိန်တပ်ဖွဲ့ဝင်များ ထိခိုက်သေကျေဒဏ်ရာရရှိမှုများအဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။**

အီရတ်တို့ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်စစ်ယာဉ်များ မီးလောင်ပျက်စီးခဲ့ရပြီး အမေရိကန်တို့၏ အီရတ်ရှိစစ်အခြေစိုက်စခန်းများလည်း တိုက်ခိုက်ခြင်းခံနေရသည်။ ထို့ကြောင့် အီရတ်၌ အမေရိကန်တို့ တည်ငြိမ်ရန်ကြိုးစားမှုများ အောင်မြင်မှုမရှိသည့်အပြင် အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။

မကြာသေးမီကပင် အီရတ်နိုင်ငံမြောက်ပိုင်းနှင့်အလယ်ပိုင်း၌ ဖြစ်ပွားသောတိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဖော်လူဂျာမြို့၌လည်း ပေါက်ကွဲမှုဖြစ်ပြီး အပြန်အလှန် တိုက်ခိုက်ခဲ့ကြသည်။

အီရတ်မြောက်ပိုင်းမိုဆိုးလ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ပို့ဆောင်ရေးထရပ်ကားကို အီရတ်တို့က ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်သဖြင့်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိသွားသည်။

တစ်ချိန်တည်းမှာပင် မိုဆိုးလ်မြို့အခြားတစ်နေရာ၌ အမေရိကန်တို့ ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်ခံရသည်။

ထို့ပြင်အမှောင်ထုကို အကာအကွယ်ယူ၍ အီရတ်ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များ တာဝန်ယူစောင့်ကြပ်လျက်ရှိသည့် ဘဂ္ဂဒက်မြို့အနောက်ဘက်အဘူဂျာရက် အကျဉ်းစခန်းကို စနေနေ့ညက မော်တာနှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိသွားသည်။

မေ ၁ ရက်၌ အဓိကစစ်ပွဲကြီး အီရတ်၌ပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာပြီးနောက်ပိုင်း ခုခံတိုက်ခိုက်မှုနှင့် အခြားဖြစ်ရပ်များကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၆၆ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ **(အင်တာနက်)**

# အီရတ်ပြည်သူများ ခုခံတွန်းလှန်မှု အရှိန်မြင့်တင် ကျူးကျော်တပ်ဖွဲ့ဝင် သေဆုံးမှုအရေအတွက်မြင့်တက်



စက်တင်ဘာ ၁၈ ရက်က ခါဒီယာအနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရသည့်နေရာတွင် အီရတ်တို့က အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ရုပ်ပုံကားချပ်ကိုကိုင်ဆောင်ကာ ဝမ်းသာအားရ အောင်ပွဲခံနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း အီရတ်စစ်ပွဲမြင်ကွင်း



### ဗုံးပေါက်ကွဲ

စက်တင်ဘာ ၂၂ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ဗုံးပေါက်ကွဲခဲ့သည့်မြင်ကွင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)




အီရတ်နိုင်ငံ တီကရစ်မြို့၌ မကြာသေးမီက အီရတ်လွတ်မြောက်ရေးအထိမ်းအမှတ် ပန်းချီရုပ်ပုံကားချပ် ချိတ်ဆွဲထားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ ရေနံတင်ကားတစ်စီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

အီရတ်နိုင်ငံအား အမေရိကန်တပ်များက ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း ရေနံပိုက်လိုင်းများ မကြာခဏဖောက်ခွဲခံရပြီး မီးလောင်ကျွမ်းလျက်ရှိသည်။
(ဓာတ်ပုံ-အင်တာနက်)

25-9 (5).p65 1 3/25/05, 10:15 PM

# ကုလသမဂ္ဂအထွေထွေညီလာခံ၌ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ပြောကြားသည့်မိန့်ခွန်း

ကုလသမဂ္ဂညီလာခံတွင် စက်တင်ဘာ ၂၃ ရက်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန် ပြောကြားခဲ့သော မိန့်ခွန်းပါအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။




**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန် မိန့်ခွန်းပြောကြားစဉ်။**

**လေးစားအပ်တဲ့ အဆွေတော်များ ခင်ဗျား–**

မိမိတို့နိုင်ငံများ၏ တူညီသော ပြဿနာများနှင့် စိန်ခေါ်မှုများကို စုပေါင်းအဖြေရှာခြင်းဖြင့် ပြဿနာကို ဖြေရှင်းလာခဲ့သော ကုလသမဂ္ဂသည် လွန်ခဲ့သည့် ၁၂ လတာ ကာလအတွင်း ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း။

ကမ္ဘာ့နိုင်ငံ အများအပြားတွင် အကြမ်းဖက်တိုက်ခိုက်မှုများ နောက်တစ်ဖန် ပေါ်ပေါက်လာပြီး အပြစ်မဲ့ပြည်သူများ၏ သေဆုံးမှုများကို ဖြစ်ပေါ်ခဲ့ရကြောင်း၊ အရှေ့အလယ်ပိုင်းဒေသတွင် လည်းကောင်း၊ အာဖရိကတိုက်ရှိ ဒေသအချို့တွင်လည်းကောင်း အကြမ်းဖက်မှုများဖြစ်ပွားမှု အရှိန်အဟုန် ဆက်လက်မြင့်မားနေခဲ့ကြောင်း၊ ကိုရီးယားကျွန်းဆွယ်တွင်လည်းကောင်း၊ အခြားသော ကမ္ဘာ့နေရာများတွင်လည်းကောင်း နျူကလီးယား လက်နက်ထုတ်လုပ်ရန် ခြိမ်းခြောက်မှုများကြောင့် ကမ္ဘာ့နိုင်ငံရေးရှုခင်းကို ကြည့်ပါက စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကွင်းကို တွေ့မြင်နိုင်ကြောင်း။

လွန်ခဲ့သည့် တစ်လ၊ နှစ်လမျှသာ ကြာမြင့်သေးချိန်တွင် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ကုလသမဂ္ဂအား တမင်တကာပင် ပစ်မှတ်ထားကာ ရက်ရက်စက်စက် တိုက်ခိုက်သည့် လုပ်ရပ်တစ်ခုကို မိမိတို့တွေ့ကြုံခဲ့ရကြောင်း၊ ယင်းတိုက်ခိုက်မှုအတွင်း ကုလသမဂ္ဂ၏ ကျွမ်းကျင်ထက်မြက်သော ဝန်ထမ်းများအနက် ဝန်ထမ်းအချို့ကို ဆုံးရှုံးခဲ့ရကြောင်း၊ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးကို ယမန်နေ့က (စက်တင်ဘာ ၂၂ ရက်) နောက်ထပ်တစ်ကြိမ် ထပ်မံတိုက်ခိုက်လာပြန်ကြောင်း၊ အီရတ်လူမျိုးရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက် တိုက်ခိုက်လာမှုအပေါ် ချက်ချင်း တုံ့ပြန်ဟန့်တားနိုင်၍သာလျှင် ကြမ္မာဆိုကြီးတစ်ရပ်ဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်ခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ ၎င်း၏ အသက်ကို ပေးလှူခဲ့ရကြောင်း။

အနာဂတ်ကာလတွင် အီရတ်နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းရှိ ကုလသမဂ္ဂလုပ်ငန်းများ လုပ်ဆောင်ရာ နေရာမှန်သမျှတွင်ပါ မိမိတို့ ကုလသမဂ္ဂဝန်ထမ်းများ၏ အသက်အန္တရာယ် လုံခြုံမှုရှိစေရန် ထိရောက်သော စီမံချက်များကို ချမှတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂ နိုင်ငံများအားလုံး၏ တရားဥပဒေအရ၊ နိုင်ငံရေးအရနှင့် ဘဏ္ဍာရေးအရ ထောက်ပံ့ကူညီမှု ရယူရန် လိုအပ်မည်ဖြစ်ကြောင်း။

အီရတ်နိုင်ငံရေးတွင် ရလဒ်ကောင်းတစ်ရပ် ပေါ်ထွက်လာစေရေးအတွက် မိမိ အလေးထားလျက်ရှိသည်ကို ထပ်လောင်း အတည်ပြုပြောကြားလိုကြောင်း။

မကြာသေးမီ ကာလအတွင်း ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များနှင့်ပတ်သက်၍ မိမိတို့အတွင်း သဘောထားအမြင်များ မည်ကဲ့သို့သော ခြားနားနေစေကာမူ အီရတ်နိုင်ငံတွင်တည်ငြိမ်အေးချမ်းမှုရှိရန်၊ ယင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများငြိမ်းချမ်းရေး တည်ရှိရန်နှင့် ဒေသတစ်ခုလုံးတည်ငြိမ်မှုရှိရန်ဟူသော ရလဒ်ကောင်းများ ပေါ်ထွက်လာရန်မှာ မိမိတို့နိုင်ငံများ အားလုံးအတွက်အရေးကြီးကြောင်း။

အကြမ်းဖက်တိုက်ခိုက်မှုနှင့် လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များကိစ္စကဲ့သို့သော ခြိမ်းခြောက်မှုများမှာ အမှန်တကယ်ရှိနေရာ ယင်း ခြိမ်းခြောက်မှုများကို လျစ်လျူရှု၍ မရနိုင်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုသည် ချမ်းသာသည့် နိုင်ငံများအတွက်သာ ပြဿနာတစ်ရပ်မဟုတ်ပေ၊ ဘာလီကျွန်း သို့မဟုတ် မွမ်ဘိုင်း သို့မဟုတ် နိုင်ရိုဘီသို့မဟုတ် ကာဆန်ဘလန်ကာတို့မှ ပြည်သူများကို မေးမြန်းကြည့်လျှင် အဖြေကိုသိနိုင်ကြောင်း၊ လူအစုအပြုံလိုက် သေစေနိုင်သည့်လက်နက်များသည် အနောက်တိုင်းသို့မဟုတ် ကမ္ဘာ့မြောက်ဘက်ခြမ်းကိုသာ ခြိမ်းခြောက်သည်မဟုတ်ကြောင်း၊ ယင်းအချက်ကို အီရန်သို့မဟုတ် အီရတ်နိုင်ငံ ဟာလာဂျာမြို့မှ ပြည်သူများကို မေးကြည့်လျှင် သိနိုင်ကြောင်း။

မိမိတို့ သဘောထား ကွဲလွဲသည့်အချက်မှာ ယင်းခြိမ်းခြောက်မှုများအား မည်သို့မည်ပုံ တုံ့ပြန်ရမည်ဆိုသည့် အချက်ပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီး ထူထောင်ခဲ့ချိန်နောက်ပိုင်း အဟန့်အတားပြုမှုဖြင့် ငြိမ်းချမ်းရေးခြိမ်းခြောက်မှုများအား ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများက ယေဘုယျအားဖြင့် ကြိုးပမ်းခဲ့ကြကြောင်း၊ ယင်းမှာ စုပေါင်းလုံခြုံရေးနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းတို့အပေါ် အခြေခံထားသည့် စနစ်တစ်ရပ်ပင်ဖြစ်ကြောင်း။

အတိုက်ခိုက်ခံရလျှင် နိုင်ငံအားလုံးသည် ကိုယ်ပိုင်ခုခံကာကွယ်ပိုင်ခွင့်ရှိသည်ဟု ကုလသမဂ္ဂ ပဋိညာဉ် စာတမ်း အပိုဒ်–၅၁ တွင် ဖော်ပြထားကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ကျယ်ပြန့်သည့်ခြိမ်းခြောက်မှုများကို ဖြေရှင်းရေးအတွက် အင်အားအသုံးပြုရန် နိုင်ငံများက ဆုံးဖြတ်လျှင် အဆိုပါနိုင်ငံများအနေဖြင့် ကုလသမဂ္ဂထောက်ခံသည့် တရားဝင်လုပ်ရှားခွင့်ရရှိရန် လိုအပ်ကြောင်း။

လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များနှင့် တိုက်ခိုက်ခံရလျှင် ကြိုတင်လက်ဦးမှုရယူကာ အင်အားအသုံးပြုခွင့်ရရှိသည်ဟု အချို့ကစောဒကတက်လာကြောင်း၊ မိမိတို့အနေဖြင့် အရေးပါသည့် လမ်းဆုံလမ်းခွသို့ရောက်နေကြောင်း၊ ကုလသမဂ္ဂကို ထူထောင်ခဲ့သည့် ၁၉၄၅ခုနှစ်ကထက် ပို၍ပြတ်သားရမည့် အချိန်ဖြစ်နိုင်ကြောင်း။

ယင်းကဲ့သို့သော စောဒကတက်မှုများအရ ကမ္ဘာ့နိုင်ငံများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် သဘောတူညီချက် ရရှိသည်အထိ စောင့်ဆိုင်းရန် မလိုအပ်တော့ဘဲ တစ်ဖက်သတ် သို့မဟုတ် အပေါင်းပါပုံစံမျိုးဖြင့် လှုပ်ရှားပိုင်ခွင့်ရှိကြောင်း၊ ယင်းသဘောထားမှာ မပြည့်စုံသော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၅၈နှစ်ကြာက တင်ပြခဲ့သောစည်းမျဉ်းများကို အခြေခံကျကျ စိန်ခေါ်လိုက်ခြင်းပင်ဖြစ်ကြောင်း။

ထိုသို့သော လက်ဦးမှု ရယူတိုက်ခိုက်ရေးမူဝါဒ ယုံကြည်စိတ်ချလောက်သည့် တရားမျှတမှုရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဥပဒေလက်လွတ် တစ်ဖက်သတ်အင်အားအသုံးပြုမှုများပျံ့နှံ့သွားစေမည့် အစဉ်အလာများကို မျိုးစေ့ချပေးလိုက်သလို ဖြစ်မည်ကို မိမိစိုးရိမ်ကြောင်း၊ သို့သော် မိမိတို့တွင် ခုခံနိုင်စွမ်း လုံးလုံးမရှိပါဘူးဟူ၍ အချို့နိုင်ငံများ ယုံကြည် အားငယ်လာစေသည့် စိုးရိမ်မှုများနှင့် ထိုသို့သော တစ်ဖက်သတ်စိုင်းမှုတို့ကို မိမိတို့က တရားမျှတစွာ ရင်ဆိုင်ဖြေရှင်း မပေးနိုင်သမျှ ကာလပတ်လုံး တစ်ဖက်သတ် ငါတကောကောမှုကို ပြစ်တင်ရှုတ်ချရုံဖြင့် မလုံလောက်ကြောင်း၊ ထိုသို့သော စိုးရိမ်စရာများကို ထိရောက်စွာ စုပေါင်းကိုင်တွယ်ဖြေရှင်းနိုင်သည်ကို မိမိတို့ ပြသရမည် ဖြစ်ကြောင်း။

**အဆွေတော်များခင်ဗျား–**

မိမိတို့သည် ယခုအခါတွင် သမိုင်း၏ လမ်းဆုံလမ်းခွသို့ ဆိုက်ရောက်လာကြပြီ ဖြစ်ကြောင်း၊ ဤအခါသမယသည် ကုလသမဂ္ဂအဖွဲ့ကြီး စတင်ထူထောင်သည့် ၁၉၄၅ခုနှစ်ကထက် ပိုမိုပြတ်သားမှုမရှိမဖြစ် လိုအပ်ကောင်းလိုအပ်မည်ဖြစ်ကြောင်း၊ ယခုအခါတွင် ယခင်ကသဘောတူချမှတ်ထားသည့် အခြေခံပေါ်တွင် ဆက်လက်လျှောက်လှမ်းဖို့ ဖြစ်နိုင်၊ မဖြစ်နိုင်၊ သို့မဟုတ် အကြီးအကျယ် ပြောင်းလဲပစ်ရန် လိုအပ်၊ မလိုအပ် မိမိတို့ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့စိတ်ကြိုက် အထောက်အကူပြုအဖွဲ့များနှင့် နည်းဥပဒေများထိရောက်ပြီး ပြည့်စုံမှုရှိ၊ မရှိကို မိမိတို့ ဆန်းစစ်ရမည်ဖြစ်ကြောင်း။

ထိုအထောက်အကူပြုအဖွဲ့များတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီထက်ပို၍ အရေးပါသောအဖွဲ့အစည်း မရှိကြောင်း၊ ကြိုတင်တွေးဆထားသည့် ခြိမ်းခြောက်မှုများကို တစ်နိုင်ငံချင်းစီက လက်ဦးမှုရယူ တိုက်ခိုက်လာနိုင်သည့် အလားအလာကို မည်သို့ကိုင်တွယ်အရေးယူမည်ကို လုံခြုံရေးကောင်စီက စဉ်းစားရန်လိုကြောင်း။

ဥပမာလူအစုအပြုံလိုက်သေစေသည့် လက်နက်များကိုင်ဆောင်ထားသည့် အကြမ်းဖက်အုပ်စုများကဲ့သို့သော ခြိမ်းခြောက်မှုမျိုးကို ဆောလျင်စွာ အင်အားသုံးကိုင်တွယ်ရေး အတိုင်းအတာကို လုံခြုံရေးကောင်စီ အဖွဲ့ဝင်များစတင်ဆွေးနွေးရန် လိုအပ်ကြောင်း၊ လုံခြုံရေးကောင်စီတိုးချဲ့ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလာခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ယခုတိုင် အသေးစိတ်သဘောတူညီမှုမရရှိသေးကြောင်း။

သမိုင်းကို အဆုံးဖြတ်ပေးရသည်မှာ ခက်ခဲကြောင်း၊ မိမိတို့က ယင်းအချိန်ကာလအား မဖြေရှင်းဘဲနေလိုက်ပါက သမိုင်းကြောင်းက မိမိတို့အား ခွင့်လွှတ်လိမ့်မည် မဟုတ်ကြောင်း၊ မိမိဆန္ဒအရ တာဝန်လေးရပ် မိမိအပ်နှင်းနိုင်မည့် ထင်ရှားသော ပုဂ္ဂိုလ်များပါဝင်သည့် အဆင့်မြင့်အဖွဲ့တစ်ခု ထူထောင်ရန် မိမိရည်မှန်းထားကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ပထမတာဝန်သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် လက်ရှိ စိန်ခေါ်နေမှုများအား လေ့လာစူးစမ်းရေး ဖြစ်ကြောင်း။

ဒုတိယ တာဝန်သည် ယင်းစိန်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် စုပေါင်း ဆောင်ရွက်နိုင်မည့် ဖော်ဆောင်မှုအပေါ် ဆင်ခြင်သုံးသပ်ရေးဖြစ်ကြောင်း၊ တတိယတာဝန်သည် ကုလသမဂ္ဂအဖွဲ့၏ အထင်ကရအဖွဲ့များ၏ ဆောင်ရွက်မှုများနှင့် ၎င်းအဖွဲ့အချင်းချင်းအတွင်း ဆက်ဆံရေးကို ပြန်လည်သုံးသပ်နိုင်ရေးနှင့် စတုတ္ထတာဝန်မှာ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်နှင့်ပြန်လည်ပြင်ဆင်လျက် ကုလသမဂ္ဂအဖွဲ့ကြီးအား တောင့်တင်း ခိုင်မာစေသည့် နည်းလမ်းအသွယ်သွယ်တို့ကို ထောက်ခံနိုင်ရေးတို့ပင် ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ဖော်ပြပါ ထင်ရှားသောပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့က ငြိမ်းချမ်းရေးနှင့် လုံခြုံရေးခြိမ်းခြောက်မှုများကို အဓိကထား၍ သုံးသပ်ရမည်ဖြစ်ကြောင်း၊ လာမည့် ကုလသမဂ္ဂအထွေထွေညီလာခံအစည်းအဝေး စတင်မကျင်းပမီ အဆိုပါအဖွဲ့က



**စက်တင်ဘာ ၂၃ရက်က နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ (၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

အမှန်တကယ်အားဖြင့် ယခုကျင်းပသည့် အထွေထွေညီလာခံ အစည်းအဝေးသည်ပင်လျှင် ခိုင်မာတောင့်တင်းရန် လိုအပ်သေးကြောင်း၊ ဘရတန်ဝုဒ်အဖွဲ့အစည်းနှင့် စပ်လျဉ်းသည့် ဆက်ဆံမှုအပါအဝင် စီးပွားရေးနှင့်လူမှုရေးကောင်စီ၏ အခန်းကဏ္ဍနှင့် စီးပွားရေးနှင့် လူမှုရေးကိစ္စများဆိုင်ရာ ကိစ္စများတွင် ယေဘုယျအားဖြင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍများကို ပြန်လည်စဉ်းစားရန်နှင့် ပြန်လည် အားဖြည့်ပေးရန် လိုအပ်နေသေးကြောင်း၊ မိမိ၏အစီရင်ခံစာတွင် တိုက်တွန်း အကြံပြုထားကြောင်း ကိုဖီအာနန်က ပြောကြားသည်။

အချုပ်အားဖြင့်ဆိုရသော် အခြေခံမူဝါဒဆိုင်ရာ ပြဿနာများနှင့် ဖွဲ့စည်းမှုဆိုင်ရာ ပြောင်းလဲမှုများကို စေ့စေ့စပ်စပ် ပြန်လည်သုံးသပ်ပြင်ဆင်ရန် အချိန်တန်ပြီဖြစ်ကြောင်း မိမိယုံကြည်ထားကြောင်းကို ကိုဖီအာနန်က ထပ်လောင်းပြောကြားသည်။

မိမိထံသို့ အစီရင်ခံစာတင်သွင်းရန် မိမိတိုက်တွန်းမည်ဖြစ်ကြောင်း၊ ယင်းသို့အားဖြင့် မိမိက အစည်းအဝေးတွင် ထောက်ခံမှုပေး နိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ခိုင်မာပြတ်သားသည့် ဆုံးဖြတ်ချက်များ ချမှတ်ရန်လိုအပ်နေကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ဖော်ပြပါ ဆုံးဖြတ်ချက်များတွင် ထိရောက်သော အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ရေးအစီအစဉ်များ ပါဝင်နိုင်ဖွယ်ရှိကြောင်း၊ ဧကန်အားဖြင့် ယင်းပြုပြင်ရေး အစီအစဉ်များ ပါဝင်နိုင်မည်ကိုလည်း မိမိမျှော်လင့်ထားကြောင်း၊ သို့ရာတွင် ယင်းပြုပြင်ရေးအစီအစဉ်များ တစ်ခုတည်းဖြင့် လုံလောက်မည်မဟုတ်သေးကြောင်း၊ ကမ္ဘာ့ပြည်သူလူထုတစ်ရပ်လုံးက ယင်းအစီအစဉ်များအား လက်တွေ့ကောင်းမွန်စွာ ဖော်ဆောင်နိုင်ခြင်းမရှိပါက အပြည့်အစုံဆုံး ချမှတ်ထားသည့် အစီအစဉ်များပင်လျှင် အောင်မြင်နိုင်ခြင်း မရှိနိုင်ကြောင်း ကိုဖီအာနန်က ပြောကြားသွားသည်။ ။

# ကရင်ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း



## တရုတ်လု မြစ်ရေတင်စီမံကိန်း

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ တရုတ်လုကျေးရွာကို စံပြကျေးရွာအဖြစ် နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့ပြီး စိုက်ပျိုးရေ ရရှိရေးအတွက် တရုတ်လုလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးခဲ့သည်။



## သံလွင်မြစ်ကူးတံတား (ဘားအံ)

ကရင်ပြည်နယ် မြိုင်ကလေးမြို့မှ ဘားအံမြို့သို့ ဆက်သွယ်သွားလာနိုင်ရန် သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ပေးထားသော သံလွင်မြစ်ကူးတံတား (ဘားအံ)ကို ၁၉၉၇ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။



## ဂျိုင်း(ကော့ကရိတ်)တံတား

**နိုင်ငံတော်က ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော့ကရိတ်မြို့နယ်တွင် ဂျိုင်းမြစ်ကို ဖြတ်ကူးတည်ဆောက်ပြီး ၁၉၉၉ ခုနှစ် မေလ ၂၂ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည့် ဂျိုင်း(ကော့ကရိတ်)တံတားကို တွေ့ရစဉ်။**

[ဂျိုင်း(ကော့ကရိတ်) တံတားသည် အရှည်ပေ ၁၂၀၀ ရှိပြီး ငွေကျပ် သိန်း ၇၅၅၀နှင့် အမေရိကန် ဒေါ်လာ ဝ ဒသမ ၇၉၂ သန်း ကုန်ကျခဲ့သည်။]

**ကရင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး တို့ကို နိုင်ငံတော်ကကဏ္ဍအလိုက် ထင်ရှားပေါ်လွင်စွာ ဆောင်ရွက် ပေးလျက်ရှိသည်။**

### စိုက်ပျိုးရေးကဏ္ဍ

ကရင်ပြည်နယ်အတွင်း မြစ်ရေတင်စီမံကိန်းများ၊ လယ်ယာမြေ ဖော်ထုတ်ပေးမှုများ ဆောင်ရွက်ပေးခဲ့သည်။

### လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

ထင်ရှားသည့် လမ်းများအဖြစ် ဘားအံ–ကော့ကျိုက်–ဇာသပြင်–မော်လမြိုင်လမ်း ဖောက်လုပ်ပေးခြင်း၊ အိန္ဒူ–ဇာသပြင်လမ်း ဖောက်လုပ်ပေးခြင်း၊ ကြာအင်းဆိပ်ကြီး–ချောင်းနှစ်ခွလမ်း ဖောက်လုပ်ပေးခြင်း၊ ဘားအံ–မြဝတီ ကျောက်ချောလမ်းခင်းပေးခြင်း၊ ဘားအံ–ရွှေဂွန်း–မြိုင်ကြီးငူ ကျောက်ချောကတ္တရာလမ်းခင်းပေးခြင်း၊ မြိုင်ကလေး–ကမမောင်း ကျောက်ချောလမ်း ခင်းပေးခြင်း၊ ကမမောင်း–ဖာပွန်ကျောက်ချောလမ်းခင်းပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးခဲ့သည်။

### တံတားကြီးများ

သံလွင်မြစ်ကူးတံတား၊ ဂျိုင်း–ဇာသပြင်မြစ်ကူးတံတား၊ ဘားအံ–ဂျိုင်းမြစ်ကူးတံတား၊ ဒေါ်လန်းမြစ်ကူးတံတားတို့ကို တည်ဆောက်ပေးခဲ့ပြီး မြို့နယ်ခုနစ်မြို့နယ်အတွင်း၌ တံတား အကြီးအသေးပေါင်း ၂၀၀ ခန့်ကို တည်ဆောက်ပေးခဲ့သည်။

### ပညာရေးကဏ္ဍ

ဘားအံတက္ကသိုလ်၊ ဘားအံပညာရေး ကောလိပ်၊ အစိုးရ နည်းပညာကောလိပ်၊ အစိုးရ ကွန်ပျူတာ ကောလိပ်၊ သူနာပြု အတတ်သင်ကျောင်းတို့ကို ဖွင့်လှစ်ပေးခဲ့သည်။

### ဆက်သွယ်ရေးကဏ္ဍ

မြို့နယ်အားလုံးကို မိုက်ကရိုဝေ့ဗ် တပ်ဆင်ပြီး ထပ်ဆင့်တီဗွီများ လွှင့်ထုတ်နိုင်ခဲ့သည်။ ထို့အပြင် အော်တို တယ်လီဖုန်းများကိုလည်း မြို့နယ်အလိုက် တပ်ဆင်ပေး နိုင်ခဲ့သည်။

## လှိုင်းဘွဲမြစ်ကူးတံတား (ဒေါ်လန်း)

လှိုင်းဘွဲ မြစ်ကူးတံတားသည် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ဒေါ်လန်းကျေးရွာအနီး၌ တည်ရှိပြီး နဘူး-ဒေါ်လန်း-ဝင်းစိန်-အိန္ဒူဒေသများကို ဆက်သွယ်ပေးသည့် တံတား ဖြစ်သည်။

၁၉၉၉ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ အရှည်ပေ ၁၀၀၀ ရှိဘေလီသံပေါင်အမျိုးအစား ဖြစ်ပြီး ငွေကျပ် ၁၂၇ သန်း အကုန်အကျခံ ဆောက်လုပ်ထားသည်။

ပြည်နယ်အတွင်းရှိ ဒေသခံ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ပွင့်လန်းစေသည့် **ဘိလပ်မြေစက်ရုံ (ဘားအံ)**





# ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ကျင်းပရာ သဘာပတိ ကရင်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောလွန်းရှိန် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် နိုင်ငံသားတို့၏

## မူဝါဒလမ်းစဉ်ခုနစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်

### ❒ ဖွဲ့စည်းပုံအခြေခံဥပဒေမှ

ထို့အတူ ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခရိုင် အတွင်းရေးမှူး ဦးစောအေးလွင် ခေါင်းဆောင်သော အမှတ်(၃)စစ်ကြောင်းမှ အဖွဲ့ဝင်အင်အား ၁၇၅၀ တို့သည် အလံကိုင်အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်သည့်အဖွဲ့နှင့်အတူ သတ်မှတ်နေရာမှ လူထုအစည်းအဝေးကျင်းပရာ ဘားအံမြို့ သီရိကွင်းသို့ချီတက်ကာ စနစ်တကျ နေရာယူကြသည်။

အလားတူ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး(ပထမတန်း) ဦးခွန်ကျော်ဝင်းခေါင်းဆောင်သော အမှတ်(၄)စစ်ကြောင်းမှ အဖွဲ့ဝင်အင်အား ၁၇၅၀ တို့သည် အလံကိုင်အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာမှလူထု အစည်းအဝေးကျင်းပရာ သီရိကွင်းသို့ ချီတက်ကာ စနစ်တကျ နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ကရင်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးစောလွန်းရှိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောမြတ်ထွဋ်ဝင်း၊ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဦးစောဟန်ရှိန်၊ ဘားအံပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နုနုရီနှင့် ကရင်ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်သန်းမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နှင်းသူဇာကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်တင်ဇာမင်းနောင်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး စတင်ကြောင်းကြေညာသည်။

### ပြည်သူ့ဆန္ဒနှင့်အညီ

ထို့နောက် လူထုအစည်းအဝေး သဘာပတိ ကရင်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးစောလွန်းရှိန်က မိန့်ခွန်းပြောကြားရာတွင် မိမိတို့ ယခုကဲ့သို့ ဤနေရာကို စုဝေးရောက်ရှိလာကြသည့် အကြောင်းအရင်းမှာ မြန်မာနိုင်ငံ၏ ယနေ့အချိန်အခါအရ လိုအပ်လျက်ရှိသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် မြန်မာ့ရေမြေ သဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းနှင့်ကိုက်ညီသော လမ်းပြမြေပုံတစ်ခုလိုအပ်နေသည့် အချိန်အခါတွင် ထိုလိုအပ်ချက်များကို ပြည်သူလူထု၏ သဘောထားဆန္ဒနှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့် မူဝါဒနှင့်လမ်းစဉ်များကို ပြတ်သားထင်ရှားစွာ ရှင်းလင်းပြောကြားခဲ့သည်ကို ကြိုဆိုထောက်ခံရန် စုဝေးလာရောက်ကြခြင်းပင်ဖြစ်ကြောင်း။

### နိုင်ငံတော်သစ်ဖြစ်ပေါ်ရေး

ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားရာ၌ ၁၉၈၈ ခုနှစ်မှ စတင်ပြီး တပ်မတော်အစိုးရကတာဝန်ယူသည့် ပထမပိုင်းကာလမှစပြီး ယနေ့အထိဆောင်ရွက်ခဲ့သောအပိုင်း၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဆိုင်ရာတိုးတက်ပြောင်းလဲမှုအပိုင်း၊ တတိယပိုင်းအနေဖြင့် လက်ရှိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်အညီ မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းများကို အခြေခံပြီး မိမိတို့လူမျိုး၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့်ကိုက်ညီမည့် အနာဂတ်ကာလ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသွားပါမည်ဖြစ်ကြောင်း။

ဝန်ကြီးချုပ်၏ရှင်းလင်းတင်ပြချက် ပထမပိုင်းကို ပြည်သူလူထုသိစေရန် အတွက် မိမိအနေဖြင့် အကျဉ်းချုံးတင်ပြလိုကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့သည် အေးအတူပူအမျှ အတူတကွ ငြိမ်းငြိမ်းချမ်းချမ်းနေလိုကြသော်လည်း ပြည်တွင်းပြည်ပ အဖျက်သမားတို့၏ သွေးထိုးမြှောက်ပင့်မှုကြောင့် ၁၉၈၈ ခုနှစ်တွင် မြို့ရွာတောပါမကျန် တိုင်းပြည်ပျက်လောက်ခမန်းနီးနီး ဆူပူအုံကြွမှုကြီးများ ဖြစ်ပေါ်ခဲ့ရကြောင်း။

### အားသွန်ခွန်စိုက်ဆောင်ရွက်

ယင်းကဲ့သို့ တိုင်းပြည်ဘေးဒုက္ခနှင့် ကြုံတွေ့သည့်အခါတိုင်း နိုင်ငံတော်အပေါ်၌ အစဉ်အလာအရ အမြဲသစ္စာရှိခဲ့သည့် တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တစ်စစီပြိုကွဲတော့မည့် ဘေးဥပါဒ်အန္တရာယ်မှအချိန်မီကာကွယ်တားဆီး ကယ်တင်နိုင်ခဲ့ကြောင်း၊ ထိုအချိန်ကစပြီး တပ်မတော်အစိုးရသည် ပထမဆုံး နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခဲ့ရသကဲ့သို့ တစ်ဖက်မှလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ရစရာမရှိအောင်ပျက်စီးယိုယွင်းနေသည့် မြန်မာနိုင်ငံတော်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို တစ်စိုက်မတ်မတ် အားသွန်ခွန်စိုက် လုပ်ကိုင်ခဲ့ရကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင်လည်း လွယ်လွယ်ကူကူ အေးအေးချမ်းချမ်းဖြင့် ဆောင်ရွက်ရခြင်းမျိုးမဟုတ်ဘဲ နည်းမျိုးစုံဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် အဘက်ဘက်မှ နှောင့်ယှက်ဖျက်ဆီးနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ရန်ကိုလည်း တစ်ချိန်တည်းမှာပင် ခုခံကာကွယ်ခဲ့ရကြောင်း။

### နိုင်ငံတော်ကြီးတစ်ခုလုံးတိုးတက်

တပ်မတော်အစိုးရသည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ရာတွင် အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍဖြစ်ကြောင်း သိရှိထားသည်နှင့်အညီ ဒေသအလိုက်အေးချမ်းတည်ငြိမ်မှုရရှိစေရန်အတွက်တစ်ချိန်ကမိမိတို့ ညီအစ်ကိုအချင်းချင်း အထင်အမြင်လွဲမှား လက်နက်ကိုင်တိုက်ခိုက်ခဲ့နေကြသည့် တိုင်းရင်းသားညီအစ်ကိုအဖွဲ့အစည်းများကို သဘောထားကြီးစွာဖြင့် ဆွေးနွေးညှိနှိုင်းပေးခဲ့မှုကြောင့် တိုင်းရင်းသားညီအစ်ကို လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်များ အပါအဝင် အဖွဲ့အစည်းအသီးသီးတို့သည် မိမိတို့နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသတစ်ခုချင်းမှသည် နိုင်ငံတော်ကြီးတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ဝိုင်းဝန်းဆောင်ရွက်လာခဲ့ကြကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော် အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ တည်ဆောက်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆောင်ရွက်လာနိုင်ခဲ့ကြောင်း။



အခမ်းအနားမှူးအဖြစ် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နှင်းသူဇာနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်ဇာမင်းနောင်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍနှင့်ပတ်သက်၍ လက်ရှိ ရှိထားပြီးဖြစ်သည့် လူဦးရေ ၅၂ သန်း စားသုံးရန်ဖူလုံအောင် ဆောင်ရွက် ပေးနိုင်သည်သာမက နောင်တိုးပွားလာမည့် ပြည်သူများစားသုံးနိုင်ရန်အတွက် ရည်ရွယ်ပြီး စိုက်ပျိုးရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သည့် ဆည်မြောင်းတာတမံ၊ ရေတင်စီမံကိန်းများကို အထူးအလေးထား ဆောင်ရွက်ပေးသကဲ့သို့ စိုက်ပျိုးမြေတိုးချဲ့ရေး၊ တစ်သီး စားမှသည် နှစ်သီး၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်တိုးရေးနှင့် နည်းပညာသစ်များ



## စီးပွားကူးသန်း ရှေးသို့လှမ်း

**မျက်ဝါးထင်ထင်သိရှိ**

တခြား စီးပွားရေးကဏ္ဍများဖြစ်သည့် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့ကိုလည်း နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြည်သူလူထုများ မျက်ဝါးထင်ထင်သိရှိနိုင်အောင် အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည့်အပြင် သက်သေကြည့်လျှင် ၁၉၈၈ခုနှစ်တွင် အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံကြီးများအပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ ရုံ ရှိလာပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်က ဆေးပညာဆိုင်ရာ တက္ကသိုလ်လေးခုသာရှိခဲ့ရာမှ ယခုအခါမှာ ဆေးပညာဆိုင်ရာ တက္ကသိုလ် ၁၄ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်းကို ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပါကြောင်း။

# နိုင်ငံသားတို့၏အကျိုးစီးပွားကိုရှေးရှုပြီး ချမှတ်လိုက်သည့် ကိုယ်ပိုင်မြန်မာနိုင်ငံ၏ လမ်းပြမြေပုံဖြစ် နိုင်ရေး နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍက လက်တွဲဆောင်ရွက်

| | ၁၉၈၈ခုနှစ် | ၂၀၀၃ ခုနှစ် |
|---|---|---|
| **လျှပ်စစ်စွမ်းအားကဏ္ဍ** | ဓာတ်အားယူနစ် ၂၂၂၆ ဒသမ ၄၅သန်း (စက်အင်အား ၇၀၆ ဒသမ ၈၂မဂ္ဂါဝပ်) | ဓာတ်အားယူနစ် ၅၀၆၄ ဒသမ ၂၀ သန်း (စက်တပ်ဆင်အင်အား ၁၂၁၉ ဒသမ ၈၁ မဂ္ဂါဝပ်) ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခု၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၆ ခု |
| **ပညာရေးကဏ္ဍ** | အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ ဆရာ၊ ဆရာမ ၁၇၃၀၀၀ တက္ကသိုလ်နှင့်ကောလိပ် ၃၂ ခု မဟာဘွဲ့သာ ပေးနိုင်ခဲ့။ | အခြေခံပညာ ၄၀၀၄၉ ကျောင်း၊ မူလတန်းလွန်ကျောင်းပေါင်း ၃၈၀၀ ဆရာ၊ ဆရာမ ၂၂၂၀၀၀ စာတတ်မြောက်မှု ၉၂ ဒသမ ၂ ရာခိုင်နှုန်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခု ဒီပလိုမာနှင့် ဘွဲ့အမျိုးအစားပေါင်း ၃၁၃ မျိုး |
| **နည်းပညာကဏ္ဍ** | | နည်းပညာတက္ကသိုလ် ၄ ခု၊ ကွန်ပျူတာတက္ကသိုလ် ၂ ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ၁ ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရ ကွန်ပျူတာကောလိပ် ၂၄ ခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၉ ခု |
| **ကျန်းမာရေးကဏ္ဍ** | ဆေးရုံပေါင်း ၆၁၇ ရုံ ဆေးပညာဆိုင်ရာ တက္ကသိုလ်၄ ခု | ဆေးရုံပေါင်း ၇၅၇ ရုံ ဒေသန္တရဆေးခန်း ၈၄ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၁၄ ခု၊ ဆေးရုံ ၁၁၄ ရုံအဆင့်မြှင့် ဆေးပညာဆိုင်ရာ တက္ကသိုလ် ၁၄ ခု |
| **နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး** | | နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ် သန်းပေါင်း ၄၅၇၆၂ ဒသမ ၈၇ သန်းနှင့် အမေရိကန်ဒေါ်လာ ၅၀၆ သန်းကျော် သုံးစွဲခဲ့ |

အထောက်အထား အခိုင်အမာဖြင့် အရေအတွက် စာရင်းဇယားပါမကျန် ရှင်းလင်းတင်ပြသွားခဲ့ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍လည်း လူ့စွမ်းအား အရင်းအမြစ်ဘက်စုံကဏ္ဍ ပေါ်ထွန်းလာစေရန်အတွက် ပြုစုပျိုးထောင်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ အမျိုးသားပညာရေး အထူးလေးနှစ်စီမံကိန်းကို ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများအောက်ရှိ အဆင့်မြင့်ပညာရေးကဏ္ဍကိုပါ ထည့်သွင်းပြီး အကောင်အထည်ဖော်လျက်ရှိကြောင်းကို ဝန်ကြီးချုပ်က ကိန်းဂဏန်းနှင့်တကွ ရှင်းလင်းတင်ပြသွားခဲ့ကြောင်း၊ ဥပမာတစ်ခုပြရလျှင် အဆင့်မြင့်ပညာကဏ္ဍ၌ ယခင် ၁၉၈၈ခုနှစ်က တက္ကသိုလ်နှင့်ကောလိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာက ယခုဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခုထိ ရှိလာပြီဖြစ်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းတင်ပြသွားခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိနိုင်ငံသူ၊ နိုင်ငံသားများ ပညာရည်မြင့်မားရန်အပြင် ကျန်းမာကြံ့ခိုင်ရန်လည်း အဓိကလိုအပ်ပါသည်ဟု မိန့်ကြားခဲ့ကြောင်း၊ ပြည်သူအများ ကျန်းမာရေးစောင့်ရှောက်မှုအရည် အသွေးမြင့်မြင့်မားမားဖြင့် ပြည့်ပြည့် ဝဝ ရရှိလာခြင်းသည် နိုင်ငံတော်၏ လူမှုရေးကဏ္ဍ အဆင့်အတန်း တိုးတက်မြင့်မားမှုကိုလည်း ဖော်ညွှန်းပြသနေကြောင်း၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်မှုကို

ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြရာ၌ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်ပတ်သက်၍ နယ်စပ်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ပိုမို အလေးထား အရှိန်မြှင့်တင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ နယ်စပ် ဒေသ ဖွံ့ဖြိုးရေးအတွက် အကျိုးသက်ရောက်မှုရှိစေသည့် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေရေးစသည့် လုပ်ငန်းကဏ္ဍအဝဝအတွက် နိုင်ငံတော်က ငွေကျပ် သန်းပေါင်း ၄၅ ဘီလျံကျော်ကျော်နှင့် အမေရိကန်ဒေါ်လာ ၅၀၆ သန်းကျော် သုံးစွဲပြီးဖြစ်သည့်အတွက် နယ်စပ်ဒေသများ၌ ဘက်စုံထောင့်စုံက တိုးတက်လျက်၊ ဖွံ့ဖြိုးလျက်ရှိနေပြီဖြစ်ကြောင်းကို ဝန်ကြီးချုပ်က အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ကြောင်း။

ဝန်ကြီးချုပ်က ဒုတိယပိုင်းအနေဖြင့် ရှင်းလင်းတင်ပြရာ၌ တပ်မတော်အစိုးရ အဘယ့်ကြောင့် တိုင်းပြည်၏ တာဝန်ကိုယူခဲ့ရသလဲ၊ တာဝန်ယူပြီးနောက်ပိုင်းတွင် နိုင်ငံရေးဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများကို ယနေ့ နိုင်ငံတော်၌ တာဝန်ရှိသူများနှင့် ပြည်သူများအနေဖြင့် ဖြစ်ရပ်မှန်များအတိုင်း ပြန်လည်သိရှိနိုင်ရန် တင်ပြသွားကြောင်း။

**မင်းမဲ့စရိုက်ဖန်တီး**

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်ကစပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ လွှဲပြောင်းရယူခဲ့ခြင်းသည် သမိုင်းရေးလိုအပ်ချက်အရပင် ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ဆူပူအကြမ်းဖက်ဆန္ဒပြသူများ၏ နောက်ကွယ်က နိုင်ငံရေးပယောဂ ပူးကပ်မှုများကြောင့် ထိတ်လန့် တုန်လှုပ်ချောက်ချားဖွယ်ကောင်းသည့် မင်းမဲ့စရိုက် လုပ်ရပ်ကြီး ပေါ်ပေါက်လာခဲ့ရသည့်အတွက် ရှောင်လွှဲ၍မရတော့သည်နှင့် တပ်မတော်မှ ဝင်ရောက်တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ ငြင်းပယ်၍မရသည့် သမိုင်းကြောင်းတစ်ခုကိုပုံဖျက်ပြီး သမိုင်းကြောင်းအပေါ် မရိုးသားခဲ့မှုများသည် ၁၉၈၈ခုနှစ်အရေးအခင်းကာလ ဆူပူအုံကြွဆန္ဒပြမှုများကို ဒီမိုကရေစီအရေးတော်ပုံကြီးရယ်ဟု နားဝင်ချိုအောင် မည်ကဲ့သို့ပင် ပြောနေကြသော်လည်း သေသေချာချာ သရုပ်ခွဲကြည့်လိုက်မည်ဆိုလျှင် နိုင်ငံရေးအမြတ်ထုတ်လိုကြသည့်သူများနှင့် အနောက်နိုင်ငံကြီးများ၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် ယိမ်းယိုင်သွားသူများ၊ ဒီမိုကရေစီအရေခြုံထားသည့် လက်ဝဲအယူအဆရှိသူများစုစည်းမိကြပြီး ယခင်အစိုးရအပေါ် မကျေနပ်မှုကြောင့် ဆန္ဒပြသူများကို မင်းမဲ့စရိုက်ဝင်အောင် တမင်ဖန်တီးကြခြင်းပင်ဖြစ်ပါသည်ဟု တင်ပြသွားကြောင်း။

**ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ**

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်တစ်ခုလုံး၏ တာဝန်ကို ရယူထမ်းဆောင်လိုက်ရသည့် အချိန်ကစပြီး တည်ငြိမ်အေးချမ်းမှုပျက်ယွင်းနေသော နိုင်ငံတစ်ဝန်းလုံး၏ အခြေအနေများကို ပုံမှန်ပြန်ဖြစ်လာအောင် ဆောင်ရွက်ပေးရုံသာမက အနာဂတ်ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ပုံဖော်ပေးရမည်ဆိုသည့် သမိုင်းပေးတာဝန်သည်လည်း တပ်မတော်အစိုးရအပေါ် ကျရောက်လာခဲ့ကြောင်း၊ ကမ္ဘာနှင့်အဝန်း နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်ပြောင်းလဲနေမှု အခြေအနေများအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်လာအောင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အမျိုးသားရေးမူဝါဒ၊ လမ်းစဉ်များကို စနစ်တကျ ချမှတ်ကျင့်သုံးပြီး ဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်ရမည်ဆိုသည်ကို ယုံကြည်ထားပါကြောင်းကို ဒုတိယပိုင်းအနေဖြင့် ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြသွားကြောင်း။

**တိုင်းရင်းသားစည်းလုံးရေးအလေးထား**

တတိယပိုင်းအနေဖြင့် ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် နှစ်ပေါင်းထောင်ချီကာ စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက် စုစည်းနေထိုင်ခဲ့သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလွန်အလေးထား တည်ဆောက်ရသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး စသည့် ဝါဒလမ်းစဉ်ချမှတ်ပြီး ဓလေ့ထုံးစံများနှင့်အညီ နောင်အနာဂတ် ရှေ့ဆက်ဆောင်ရွက်ရမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြသွားခဲ့ကြောင်း။

ယင်းနိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်မှာ-

**ပထမအဆင့်** - ၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသည့် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။

**ဒုတိယအဆင့်** - အမျိုးသားညီလာခံ ကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

**တတိယအဆင့်** - အမျိုးသားညီလာခံကြီးက ချမှတ်ပေးထားသည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို ရေးဆွဲခြင်း။

**စတုတ္ထအဆင့်** - ဖြစ်ပေါ်လာသည့် ဖွဲ့ စည်းပုံ ဥပဒေကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း။

**ပဉ္စမအဆင့်** - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသည့် ရွေးကောက်ပွဲများကျင်းပခြင်း၊

**စာမျက်နှာ ၁၀ ကော်လံ ၁**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ကျင်းပရာ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

**(သတင်းစဉ်)**



## နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

၁၃၆၅ ခုနှစ် တော်သလင်းလကွယ် စက်တင်ဘာလ ၂၅ ရက် ကြာသပတေးနေ့ည ၇နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရောဝတီတိုင်း ဝါးခယ်မမြို့နယ် ဇေယျဝတီအနောက်ကျောင်းတိုက် (ကျွန်းကုန်း) ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသ(အဂ္ဂမဟာပဏ္ဍိတ)က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သားငါးပွံ့ဖြိုး ပြည်အကျိုး

# အမျိုးသားညီလာခံကြီးကချမှတ်ပေးသည့်အခြေခံရမည့်မူများကိုအသေးစိတ်ညှိနှိုင်းဆွေးနွေး တိုင်းရင်းသားပြည်သူများလက်ခံနိုင်မည့်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲ ပြည်သူလူထုအများသိအောင်ကြေညာပြီးသဘောထားဆန္ဒကောက်၍အတည်ပြုချက်ရယူ

ဆက်လက်၍ **"နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး"** အဆိုကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဘားအံခရိုင်ပညာရေးမှူး ဦးသိန်းကြည်က တင်သွင်းရာတွင် မိမိသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဘားအံခရိုင် ပညာရေးမှူး ဦးသိန်းကြည်ဖြစ်ကြောင်း၊ ယနေ့ ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် မိမိအလေးအနက်ထားတင်သွင်းလိုသည့် အဆိုတစ်ရပ်မှာ "နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး"အဆိုကို တင်သွင်းသွားမှာ ဖြစ်ကြောင်း။

### သိသာထင်ရှားအောင်ရှင်းလင်း

ပထမဦးစွာ သဘာပတိကြီးမိန့်ကြားသွားသည့် မိန့်ခွန်းထဲတွင် ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ကြားသွားသည့် မိန့်ခွန်းတစ်ရပ်ကို ပြည်သူများ သိသာထင်ရှားအောင် ထပ်ဆင့်ရှင်းလင်း မိန့်ကြားသွားသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အနေဖြင့် ပြည်သူအပေါင်း ပြန်ပြောင်းသတိရစေရန်အတွက် ပထမပိုင်းတွင် နိုင်ငံတော်အစိုးရ၏ နယ်ပယ်အရပ်ရပ်၊ ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်အောင် မည်ကဲ့သို့ ဆောင်ရွက်လာခဲ့သည်ကို ထင်ရှားအောင် ဖော်ပြသွားခဲ့သည်ကို ကျေနပ်အားရစွာ မှတ်သားမိပါကြောင်း၊ အထူးသဖြင့် တပ်မတော်အစိုးရက နိုင်ငံတော်၏တာဝန်ရယူပြီးချိန်မှစ၍ လက်ရှိ ပကတိခေတ်အခြေအနေ၊ မျက်မှောက်ကာလနှင့် လိုက်လျောညီထွေရှိစေရန်အတွက် နိုင်ငံရေးဦးတည်ချက် လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်၊ လူမှုရေးဦးတည်ချက် လေးရပ်စသည့် ဦးတည်ချက် ၁၂ ရပ်ချမှတ်ပြီး တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ပြည်သူလူထုအများစုတွင် စားဝတ်နေရေးသည် အဓိကကျသည့် အခန်းကဏ္ဍဖြစ်ကြောင်း သိရှိနားလည်ထားပြီးဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရသည် ၎င်းတို့တာဝန်ယူချိန်မှစ၍ ယခင်ခေတ်ကာလများနှင့် မတူညီသည့် ပြည်သူတို့အတွက် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အမျိုးသားစီးပွားရေးမူဝါဒတစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးသည့် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သဖြင့် အမျိုးသားစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ သိသိသာသာ ဖြစ်ထွန်းတိုးတက်လာသည်ကို တွေ့ရမှာဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်မှ မင်းမဲ့စရိုက်များကြောင့် ပျက်စီးယိုယွင်းနေသည့် စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးအခြေခံ အဆောက်အအုံများကို ပြန်လည်တည်ဆောက်ပြုပြင်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယနေ့လိုအပ်နေသည့် လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးရုံကြီးများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း မြန်မာပြည်အနှံ့အပြားနယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး ဖြန့်ကြက် တည်ဆောက်ခဲ့ကြောင်း။

### အသားတင်ထုတ်လုပ်မှုတိုးတက်

နိုင်ငံတော်တာဝန်ကို ကာလအပိုင်းအခြားအလိုက် သမိုင်းပေးတာဝန်အရ တာဝန်ယူခဲ့ကြရသည့် လက်ရှိနိုင်ငံတော်အကြီးအကဲများအနေဖြင့် နေ့မအား၊ ညမနား ပင်ပန်းကြီးစွာ အခက်အခဲမျိုးစုံကို ရန်းကန်ကျော်လွှား ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ၁၉၈၈ ခုနှစ်စီက ချွတ်ယွင်းချွတ်ခြုံကျနေသည့် နိုင်ငံတော်၏ တစ်မျိုးသားလုံးပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး GDP သည်လည်း ၁၉၈၈-၁၉၈၉ ဘဏ္ဍာရေးနှစ်က ကျပ်သန်းပေါင်း ၄၇၀၀၀ ကျော် အခြေအနေရှိရာကနေ ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်အချိန်တိုအတွင်းမှာပင် ကျပ်သန်းပေါင်း ၅၀၂၆၀ စတင်ရရှိသည်အထိ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရှိနိုင်ကြောင်း၊ အလားတူ ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှ ၁၉၉၁-၉၂ ဘဏ္ဍာရေးနှစ်အတွင်းတွင် လည်းကောင်း၊ ၁၉၉၂-၉၃မှ ၁၉၉၅-၉၆ ကာလတိုအတွင်းတွင်လည်းကောင်း တစ်နှစ်ချင်းအလိုက် ပျမ်းမျှ GDP တိုးတက်မှုနှုန်းမှာလည်း ၅ရာခိုင်နှုန်း၊ ၇ ရာခိုင်နှုန်း၊ ၈ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း တဖြည်းဖြည်းတိုးတက်လာခဲ့ရာ ယခုလက်ရှိ ၂၀၀၂-၀၃ ဘဏ္ဍာရေးနှစ်တွင် GDP နှစ်စဉ်တန်ဖိုး ၁၁ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် လူတစ်ဦးချင်း၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည်လည်း ၂၀၀၂-၀၃ ခုနှစ်အဆုံးတွင် ကျပ် ၁၀၅၉၄၀ အထိ တိုးတက်ခဲ့သည်ကို တွေ့ရကြောင်း။

လက်ရှိနိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ စီးပွားရေးစနစ်များ ပြုပြင်ပြောင်းလဲပေးခဲ့ရာ နိုင်ငံတော်နှင့်ပုဂ္ဂလိကလုပ်ငန်းများပါမကျန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ခြင်း၊ လယ်ယာမြေအသစ်များဖော်ထုတ်ခြင်း၊ လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြည်ပပို့ကုန်နှင့် ပြည်တွင်းသွင်းကုန်များအတွက် ပို့ကုန်သွင်းကုန်များ အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်ခြင်း စသည့် တည်ဆောက်ရေးလုပ်ငန်းများ အများအပြားဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် အလုပ်လက်မဲ့ဦးရေ ၁၀ သန်းခန့်ကို အလုပ်အကိုင်များရရှိစေခဲ့သည့်အတွက် ၁၉၈၈ခုနှစ်က အလုပ်သမားဦးရေ ၁၉ သန်းခန့်ရှိရာမှ ယခုဆိုလျှင် ၂၉ သန်းအထိ တိုးတက်ဖြစ်ပေါ်နေခြင်းသည် ပြည်သူများဘဝဖွံ့ဖြိုးတိုးတက်လာမှုကို သိသာထင်ရှားစေခဲ့ကြောင်း။

နိုင်ငံတော်အတွင်း လုပ်ငန်းကဏ္ဍအလိုက် ဖြစ်ထွန်းတိုးတက်မှုများကိုလည်း ဝန်ကြီးချုပ်တင်ပြသွားသည့်အချက်များထဲတွင် သိသာထင်ရှားသည့် အချက်အလက်များအား အချိန်ကို လေးစားသောအားဖြင့် အကျဉ်းချုံးကောက်နုတ်တင်ပြသွားလိုကြောင်း။

### တစ်နှစ်စပါးတင်းသန်းတစ်ထောင်

ပထမဆုံးတင်ပြလိုသည့်ကဏ္ဍမှာ လယ်ယာကဏ္ဍပင် ဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်အစိုးရတာဝန်ယူကာစ ၁၉၈၈ ခုနှစ်ကာလတွင် စပါးအထွက်နှုန်းသည် တစ်နှစ်တင်းသန်း ၆၅၄ သာ ထွက်ရှိခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုးပွားလာမည့်လူဦးရေကို ကြိုတင်ကာမိစေရန်အတွက် တစ်နှစ်လျှင် စပါးတင်းသန်း ၁၀၀၀ ထွက်ရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ မိုးစပါးသာမက နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ၁၉၉၈ခုနှစ်တွင် စပါးတင်းသန်း၈၀၀ကျော်အထိ ထွက်ရှိလာခဲ့ကြောင်း၊ ယခုဆိုလျှင် စိုက်ပျိုးရေးသည် နိုင်ငံတော်အစိုးရက အင်တိုက်အားတိုက်အားပေးဆောင်ရွက်ခဲ့ပြီး ပြည်သူလူထုကလည်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်ကစပြီး မူလရည်မှန်းချက်ဖြစ်သည့် တစ်နှစ်စပါးတင်းသန်း ၁၀၀၀ရရှိလာခဲ့ပြီးဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အားပေးရာတွင် အဓိကလိုအပ်ချက်သည် ရေသယံဇာတပင်ဖြစ်ကြောင်း၊ ရေသယံဇာတ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ယခင် သက္ကရာဇ် ၁၀၄၄ ခုနှစ် အနော်ရထာမင်းကြီး နန်းတက်သည့်အချိန်မှ ၁၉၈၈ခုနှစ်အထိ နှစ်ပေါင်း ၉၀၀ ကျော်အတွင်း စုစုပေါင်းဆည်မြောင်း တာတမံ ၉၁ ခုသာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုလက်ရှိ နိုင်ငံတော်အစိုးရလက်ထက် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့ ၁၄ နှစ်တာကာလအတွင်း ဆည်မြောင်းတာတမံပေါင်း ၁၅၀ ကျော်အထိ တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် ရေမရသည့် ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ်များတစ်လျှောက်တွင် မြစ်ရေတင် စီမံကိန်းပေါင်း ၂၆၀ တည်ဆောက်ပေးနိုင်ခဲ့၍ မြေဧကနှစ်သန်းကျော် စိုက်ပျိုးတိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုမျှများပြားလာသော ဆည်တာတမံ ၁၅၀ ကျော် တည်ဆောက်ပေးရာတွင် နိုင်ငံခြားငွေ ဒေါ်လာအများအပြားနှင့် မြန်မာငွေကျပ်သန်းပေါင်း ၆၃၄၉၄ သန်းကျော် ကျခံသုံးစွဲခဲ့ကြောင်း သိရှိရကြောင်း၊ အခြားသားငါးကဏ္ဍ၊ သစ်တောကဏ္ဍများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်မှုလက်မှုကဏ္ဍ တိုးတက်မြင့်မားရေးအတွက်လည်း နိုင်ငံတော်အစိုးရက ခေတ်မီစက်ရုံအမျိုးမျိုးတည်ထောင်ခဲ့သည့်အပြင် ပုဂ္ဂလိကစက်မှုဇုန်ကြီး (၁၈)ဇုန်ကိုလည်း တိုးချဲ့အားပေးတည်ထောင်နိုင်ခဲ့သည့်အတွက် ၁၉၈၈ ခုနှစ်က နိုင်ငံပိုင်ရော ပုဂ္ဂလိကပိုင်ပါ စက်ရုံပေါင်း ၂၇၄၃၀ သာရှိခဲ့ရာက ယခုဆိုလျှင် စက်ရုံပေါင်း ၅၁၉၈၀ အထိ ရှိနေပြီဖြစ်ရာ ၁၄ နှစ်တာကာလအတွင်း စက်ရုံပေါင်း ၂၄၄၅၀ခု တိုးတက်တည်ထောင်လုပ်ကိုင်နိုင်သည်ကိုတွေ့ရကြောင်း။

လမ်းတံတားကဏ္ဍ တိုးတက်မှုနှင့်ပတ်သက်၍ ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ ခုနှစ်မတိုင်မီက ဧရာဝတီမြစ်ကူး(စစ်ကိုင်း)တံတားနှင့် စစ်တောင်းတံတားတို့သာ အထင်ကရရှိခဲ့ရာက ယခုဆိုလျှင် ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတား နှစ်စင်း၊ သံလွင်မြစ်ကူးတံတားသုံးစင်းအပါအဝင် ပေ ၁၈၀ အထက် မြစ်ကူး ချောင်းကူးတံတားပေါင်း ၁၅၈ စင်း အသစ်ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဘားအံခရိုင် ပညာရေးမှူး ဦးသိန်းကြည် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)



ပညာရေးဌာနမှ အလယ်တန်းပြဆရာမ ဒေါ်ခင်မာလွင် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)



ဘားအံတက္ကသိုလ်မှ အားကစားနည်းပြ ဦးမြင့်နိုင် ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

**စာမျက်နှာ ၉ မှ**

**ဆဋ္ဌမအဆင့်**-ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း၊

**သတ္တမအဆင့်**-လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့၊ အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ ဖြစ်ကြောင်း။

### နိုင်ငံသားအကျိုးစီးပွားများရှေးရှု

နိုင်ငံတော်အစိုးရသည် ကာလဒေသနှင့်အညီ လိုက်လျောညီထွေမှုရှိပြီး ပြည်သူလူထု၏ သဘောထားဆန္ဒနှင့် ကိုက်ညီသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုပြီး ချမှတ်လိုက်သော ကိုယ်ပိုင် မြန်မာနိုင်ငံ၏ လမ်းပြမြေပုံ (Road Map) ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်သူများအား ယခင်ကတည်းက အလေးထားတင်ပြထားသည့် ဦးတည်ချက် (၁၂)ရပ်အနက်မှ နိုင်ငံရေးဦးတည်ချက် လေးရပ်နှင့် ယခုချမှတ်လိုက်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် အနှစ်သာရအားဖြင့် တူညီမှုရှိကြောင်း။

ယင်းကဲ့သို့ အဆင့်ဆင့်ဆောင်ရွက်ရမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြရန် ယနေ့ ဤအခမ်းအနားကို တက်ရောက်လာကြသည့် ပြည်သူလူထုကြီးမှ တစ်ဆင့် နှိုးဆော်တိုက်တွန်းလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ဒါတွေကိုသိဖို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့

❖ ခြောက်တိုင်းလည်း မကြောက်နဲ့

❖ ချော့တိုင်းလည်း မပျော့နဲ့

## နိုင်ငံတော်သစ်တည်ဆောက်ခြင်းလုပ်ငန်းများ တစ်ခုပြီးတစ်ခု အဆင့်ဆင့်ဆောင်ရွက်သွားရမည်

**ပြည်သူလူထု အများသဘောတူ အတည်ပြုချက် ရယူပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေကြီးပေါ်ပေါက်လာပြီ ဆိုလျှင် အခြေခံဥပဒေနှင့်အညီ ရှေ့ဆက်ဆောင်ရွက်ရမည့် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးကျင်းပ ခြင်း၊ လွှတ်တော်မှ ရွေးကောက်တင်မြှောက်သည့် နိုင်ငံ အကြီးအကဲများနှင့် အစိုးရအဖွဲ့၊ အာဏာပိုင်အဖွဲ့များဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက် ခြင်းလုပ်ငန်း များကိုတစ်ခုပြီးတစ်ခု အဆင့်ဆင့်ဆောင်ရွက် သွားကြရမည်။**

*စာမျက်နှာ ၁၀ မှ*

လက်ရှိမှာလည်း မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)နှင့် ဧရာဝတီတံတား (ရတနာပုံ)တို့ အပါအဝင် တည်ဆောက်ဆဲတံတား ၃၅ စင်းရှိနေပြီး တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသည့် တံတားပေါင်း ၂၃ စင်းရှိနေပြီ ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးကဏ္ဍတွင်လည်း ရထားလမ်းသစ်များ တည်ဆောက်ပေးခြင်းဖြင့် ပို့ဆောင်ပေးနေသကဲ့သို့ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများကိုလည်း စွမ်းအားရှိသမျှ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ခေတ်မီလေယာဉ်ကွင်းကြီးများ တည်ဆောက်ပေးခဲ့ရာတွင် ယခင်က F.28 ဂျက်လေယာဉ် ဆင်းသက်နိုင်သည့် လေယာဉ်ကွင်း ခြောက်ကွင်းသာရှိခဲ့ရာမှ ယနေ့ဆိုလျှင် ၁၈ ကွင်းအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

### ခေတ်မီဆက်သွယ်ရေးစနစ်ကျင့်သုံး

ဆက်သွယ်ရေးကဏ္ဍကို ကြည့်မည်ဆိုလျှင်လည်း ပြည်တွင်းတွင် မြို့ပေါ်သာမက အချို့သော ကျေးလက်ဒေသများအထိပါ ဖြန့်ကြက်ဆက်သွယ်နိုင်မည့်အပြင် တစ်ကမ္ဘာလုံးနှင့်ပါ ဆက်သွယ်နိုင်မည့် ခေတ်မီဆက်သွယ်ရေးစနစ်များကိုလည်း ပြုပြင်ပြောင်းလဲကျင့်သုံးလျက်ရှိကြောင်း။

လျှပ်စစ်စွမ်းအားကဏ္ဍကိုလည်း နောက်ကျမကျန်ရစ်ခဲ့အောင် အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် လျှပ်စစ်စွမ်းအားသုံးစွဲမှု ယူနစ်သန်းပေါင်း၂၂၂၆ သာရှိခဲ့ရာမှ ယခုဆိုလျှင် ယူနစ်သန်းပေါင်း ၅၀၆၄ ထိ အသုံးပြုနိုင်ခဲ့ပြီဖြစ်ရာ ယခင်ကထက် နှစ်ဆကျော် တိုးမြှင့်စွမ်းဆောင် ပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ထို့ပြင် လျှပ်စစ်စွမ်းအား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လက်ရှိအစိုးရလက်ထက်တွင် ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခု၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ စီမံကိန်း ခြောက်ခု တိုးတက်တည်ဆောက်ပေးခဲ့ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ဆက်လက်တင်ပြရပါလျှင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအများအပြားကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အပြင် သိသာထင်ရှားစွာ ဖော်ပြရပါလျှင် ယခင်က ၁၉၈၈ ခုနှစ်မတိုင်မီက တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ ခုသာ ရှိခဲ့ရာက ယခုဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခုထိ ရှိလာပြီဖြစ်ပါကြောင်း၊ လူ့စွမ်းအား အရင်းအမြစ် တိုးတက်စေရန် အတွက် နည်းပညာတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဆိုလျှင် နည်းပညာ တက္ကသိုလ် လေးခု၊ ကွန်ပျူတာတက္ကသိုလ် နှစ်ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသသိပ္ပံတက္ကသိုလ် တစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရ ကွန်ပျူတာကောလိပ် ၂၄ ခုနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံကိုးခုထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြားသွားသည့် ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ တင်ပြရပါလျှင် "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ မိမိနိုင်ငံသူ၊ နိုင်ငံသားများ ပညာရည်မြင့်မားရန်အပြင် ကျန်းမာကြံ့ခိုင်ဖို့လည်း အဓိကလိုအပ်ပါတယ်။ ပြည်သူအများ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြင့်မြင့်မားမားနှင့် ပြည့်ပြည့်ဝဝရရှိလာခြင်းဟာ နိုင်ငံတော်၏ လူမှုရေးကဏ္ဍ အဆင့်အတန်းတိုးတက်မြင့်မားမှုကို ဖော်ညွှန်းနေကြောင်း" နိုင်ငံတော် ဝန်ကြီးချုပ် မိန့်ကြားသွားပါကြောင်း။

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကို ကြည့်လျှင် ၁၉၈၈ ခုနှစ်က အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာက ယခု ၂၀၀၃ ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ ရုံရှိလာပြီဖြစ်ကြောင်း၊ အလားတူပင် ဒေသန္တရဆေးပေးခန်း ၈၄ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၁၄ ခုတို့ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း။

### အတိုင်းမသိဝမ်းမြောက်

နိုင်ငံတော်ဝန်ကြီးချုပ်က ပထမပိုင်းနှင့် ဒုတိယပိုင်းတို့တွင် နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပျက်ခဲ့မှုများနှင့် ၁၉၈၈ ခုနှစ်မှသည် ၂၀၀၃ ခုနှစ်အတွင်း တိုးတက် ဖြစ်ထွန်းလာသည့် စီးပွားရေး၊ လူမှုရေး အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းမိန့်ကြားခဲ့ရာ ပြည်သူအများစု အတွက် မိမိနိုင်ငံတော်၏ ပကတိအခြေအနေကို ထင်ရှားပီပြင်စွာ သိရှိရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြမည်မှာ အမှန်ဖြစ်ပါကြောင်း။

### ညီလာခံပြန်မကျင်းပဘဲမဖြစ်နိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားသည့်မိန့်ခွန်းတတိယပိုင်းတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် အချိန်အခါနှင့် အခြေအနေအရ မြန်မာနိုင်ငံအတွက် မရှိမဖြစ် အလိုအပ်ဆုံး လမ်းပြမြေပုံ တစ်ခုဖြစ်ကြောင်း အဆိုပြုလိုပါကြောင်း၊ အချုပ်အခြာအာဏာပိုင်ဆိုင်ပြီး စစ်မှန်သည့် ဒီမိုကရေစီဖော်ဆောင်လိုသည့် နိုင်ငံတိုင်းတွင် အမျိုးသားထုတစ်ရပ်လုံး၏ အခြေခံရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို အကာအကွယ်ပေးမည့် အခြေခံဥပဒေ လိုအပ်ကြောင်း၊ အများသဘောကျ လက်ခံနိုင်မည့် အခြေခံဥပဒေ တစ်ရပ်ကိုလည်း ပြည်သူလူထုအများကပင် ဆွေးနွေးညှိနှိုင်းတိုင်ပင် သဘောတူညီချက် ရယူဆောင်ရွက်ကြရကြောင်း၊ ယင်းအခြေခံဥပဒေ ပေါ်ပေါက်ရန်အတွက်ဆိုလျှင် ဝန်ကြီးချုပ် တင်ပြသွားသည့် ပထမအဆင့် ၁၉၉၆ ခုနှစ်က တစ်စုံတစ်ခုသောအကြောင်းကြောင့် ရပ်တန့်သွားသည့် အမျိုးသားညီလာခံကြီး ပြန်လည်မကျင်းပဘဲ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကို ပထမအဆင့်အဖြစ် ခေါ်ယူရန် အထူးလိုအပ်ပါကြောင်း။

ယင်းအမျိုးသားညီလာခံကြီးမှာ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်း ပေါ်ပေါက်ရေးအတွက် အဆင့်ဆင့် စိတ်ရှည်လက်ရှည် အကောင်အထည် ဖော်ကြရပါမည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် အမျိုးသားညီလာခံကြီးက ချမှတ်ပေးသည့် အခြေခံရမည့် မူများကို တစ်ခုပြီးတစ်ခု အသေးစိတ် ညှိနှိုင်းဆွေးနွေးကြရပါမည်။ ဆွေးနွေးရာတွင် တိုင်းရင်းသားပြည်သူများက လက်ခံနိုင်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ရေးဆွဲပြီး တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအများသိအောင် ကြေညာပြီး သဘောထား ဆန္ဒကောက်ယူကာ အတည်ပြုချက်ရယူရပါမည်။

ပြည်သူလူထုအများ သဘောတူ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေကြီး ပေါ်ပေါက်လာပြီဆိုလျှင်ဖြင့် အခြေခံဥပဒေနှင့်အညီ ရှေ့ဆက်ဆောင်ရွက်ရမည့် တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေး ကျင်းပခြင်း၊ လွှတ်တော်မှ ရွေးကောက်တင်မြှောက်သည့် နိုင်ငံတော်အကြီးအကဲများနှင့် အစိုးရအဖွဲ့၊ အာဏာပိုင်အဖွဲ့များဖြင့် ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်သစ်တည်ဆောက်ခြင်းလုပ်ငန်းများကို တစ်ခုပြီးတစ်ခု အဆင့်ဆင့်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ ဤသည်ကို ဆန္ဒစောပြီး အလောသုံးဆယ်လုပ်မည်ဆိုလျှင် ယခင်က အစမကောင်းသဖြင့် အနှောင်းမသေချာဆိုသည့် အခြေခံဥပဒေများအတိုင်း အားနည်းပျက်ပြယ်မှုများ ရှိလာနိုင်ပါကြောင်း၊ ထိုလုပ်ငန်းစဉ် အဆင့်ဆင့် ဆောင်ရွက်ရန်အတွက် လုံလောက်သည့် အချိန်တစ်ခုတော့ လိုအပ်ပါကြောင်း၊ သို့မှသာ စေ့စပ်သေချာပြီး အားနည်းချက်၊ ပျော့ကွက်ဟာကွက်မရှိ အမှန်တကယ်ခိုင်မာသည့် အခြေခံဥပဒေပေါ် မူတည်ဆောင်ရွက်မည့် ဒီမိုကရေစီနိုင်ငံသည်လည်း ရေရှည်တည်တံ့အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း။

### ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ပူးပေါင်း

မိမိတို့ ရှေ့ဆက်သွားကြမည့် စည်းကမ်းကျနပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ချီတက်ရာတွင် မျက်မှောက်ပကတိဖြစ်ထွန်းတိုးတက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ချန်လှပ်ထားခဲ့လျှင် မရကြောင်း၊ ယခုဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲဖြစ်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်လည်း တစ်ဆက်တည်းရှိနေကာ အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်ရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် စစ်မှန်သည့် ဒီမိုကရေစီစနစ်သို့ကူးပြောင်းရာတွင် အမျိုးသားစရိုက်လက္ခဏာနှင့် ညီညွတ်မျှတ သဟဇာတဖြစ်ပြီး သာယာညင်းပျောင်း အသွင်ကူးပြောင်းသွားနိုင်ရေးအတွက် အထူးသတိထားလုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ ယင်းသို့ အေးအေးချမ်းချမ်း ညင်ညင်သာသာဖြင့် အသွင်ကူးပြောင်းနိုင်ရန်အတွက် ယခုဝန်ကြီးချုပ်မိန့်ကြားပြသလိုက်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် မိမိတို့ မျှော်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ မုချမသွေရောက်အောင် ပို့ဆောင်ပေးလိမ့်မည်ဟု ပြည်သူလူထုအများစုက ယုံကြည်ကြသည့်အတိုင်း ဤမူဝါဒလမ်းစဉ်ခုနစ်ရပ် ချောမောအောင်မြင်စွာ ပြီးမြောက်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာအခန်း ကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းရင်း အဆိုတင်သွင်းအပ်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

ထို့နောက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွအင်တိုက်အားတိုက် ပါဝင်ရေးအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးကြရာ၌ ရှေးဦးစွာ ပညာရေးဌာနမှအလယ်တန်းပြ ဆရာမ ဒေါ်ခင်မာလွင်က ထောက်ခံ ဆွေးနွေးရာတွင်–

မိမိသည်အဆိုရှင်ဦးသိန်းကြည်တင်သွင်းသွားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေးအဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ကြောင်း။

သဘာပတိ အဖွင့်မိန့်ခွန်းနှင့် အဆိုရှင် ဦးသိန်းကြည်၏ တင်ပြချက်များမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မိန့်ခွန်းများကို ပထမ၊ ဒုတိယ၊ တတိယအပိုင်းဟူ၍ အပိုင်းလိုက် အပိုင်းလိုက်ရှင်းလင်းပြတ်သားစွာ ဆွေးနွေးတင်ပြသွားသည်ကို ကြားသိရလိုက်သည့်အတွက် မိမိနှင့်တကွ ကြွရောက်လာသည့် ပြည်သူအပေါင်းနှစ်ထောင်းအားရရှိခဲ့ကြရသည့်အပြင် မိမိတို့ရှေ့ဆက်သွားရမည့် နိုင်ငံတော်၏အရေးဆိုင်ရာလုပ်ငန်းစဉ် အဆင့်ဆင့် ကိုလည်း ပြတ်သားထင်ရှားစွာသိခဲ့ကြရကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က တပ်မတော်အစိုးရ တာဝန်ယူစဉ်ကစပြီး ယနေ့ကာလထိတိုင်အောင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍ အသီးသီးတွင် တိုးတက်ဖွံ့ဖြိုးအောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ် ခြုံငုံသုံးသပ်တင်ပြသွားရာတွင် နိုင်ငံတစ်ဝန်းလုံး ဖြစ်ထွန်းတိုးတက်မှုကိုလည်း သိရှိခဲ့ရသကဲ့သို့ မိမိတို့ ကရင်ပြည်နယ်၏ ဤခေတ် ဤကာလ ဤအချိန်အခါတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ကိုးကားညွှန်ပြထောက်ခံလိုပါကြောင်း။

## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုး မျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

## မြန်မာနိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီးအဖြစ် မစ္စတာမူဟာမက်နဝပ်ဇ်ချောင်ဒရီအား ခန့်အပ်ရန်သဘောတူ

**ရန်ကုန် စက်တင်ဘာ ၂၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပါကစ္စတန်သံ အမတ်ကြီး မစ္စတာ မီယမ်ယူဆွတ်ဖ်ရှား၏ နေရာတွင် မစ္စတာမူဟာမက်နဝပ်ဇ် ချောင်ဒရီအား သံအမတ်ကြီးအသစ်အဖြစ် အစားထိုးခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ မူဟာမက်နာဝပ်ဇ်ချောင်ဒရီသည် ၁၉၅၂ ခုနှစ် ဧပြီလတွင် မွေးဖွားခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်း၏ သံတမန် တာဝန်ထမ်းဆောင်မှု သက်တမ်း တစ်လျှောက်တွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်ထိ အီရန်နိုင်ငံ တီဟီရန်ရှိ ပါကစ္စတန်သံရုံးတွင် လည်းကောင်း၊ ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်ထိ ဆော်ဒီအာရေးဗီးယားနိုင်ငံ ဂျက်ဒါမြို့ရှိ ပါကစ္စတန် ကောင်စစ်ဝန်ချုပ်ရုံးတွင် လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့ရှိ ပါကစ္စတန်သံရုံးတွင် လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ ဆော်ဒီအာရေးဗီးယားနိုင်ငံ မြို့တော်ရီယာ့ဒ်ရှိ ပါကစ္စတန်သံရုံးတွင် လည်းကောင်း အဆင့်ဆင့် သံတမန်တာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ ဆော်ဒီအာရေး ဗီးယားနိုင်ငံ ဂျက်ဒါမြို့ရှိ ပါကစ္စတန် ကောင်စစ်ဝန်ချုပ်ရုံး၏ ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

လက်ရှိအချိန်တွင် မစ္စတာ မူဟာမက်နာဝပ်ဇ်ချောင်ဒရီသည် ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အင်္ဂလိပ်စာ မဟာဘွဲ့ရရှိခဲ့သည်။

မစ္စတာချောင်ဒရီသည် အိမ်ထောင်သည် တစ်ဦးဖြစ်သည်။

**(သတင်းစဉ်)**

မိမိတို့ကရင်ပြည်နယ်တွင် တစ်ချိန်တစ်ခါက တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အထင်အမြင်လွဲမှားမှုကြောင့် အပြန်အလှန်လက်နက်ကိုင် တိုက်ခိုက်မှုများဖြစ်ထွန်းပေါ်ပေါက်မှုရှိခဲ့သော်လည်း ယခုအချိန်အခါတွင် နိုင်ငံတော်အစိုးရသည် စိတ်ရှည် သဘောထားကြီးစွာဖြင့် တိုင်းရင်းသား ညီအစ်ကိုများအား စည်းရုံးနိုင်ခဲ့သဖြင့် ငြိမ်းချမ်းရေးရရှိကာ ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်မှုကြောင့် နယ်စွန်နယ်ဖျားဒေသအနည်းငယ်မှအပ ကရင်ပြည် နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရှိနေရပြီဖြစ်ကြောင်း၊ ယခုအခါတွင် တောရောမြို့ပါမကျန် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကျေးလက်များကိုပင် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်သတ်မှတ်ပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကရင်ပြည်နယ်အတွင်း မြစ်ရေတင်စီမံကိန်းများ၊ လယ်ယာမြေရိုင်းဖော်ထုတ်ပေးမှုများ ရှိသကဲ့သို့ ကဏ္ဍအလိုက် ထင်ရှားသော ဆောင်ရွက်ပေးမှုများလည်းရှိခဲ့ကြောင်း။

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍထဲတွင် ထင်ရှားသည့်လုပ်ငန်းများမှာ–**

- **ဘားအံ–ကော့ကျိုက်–ဇာသပြင်– မော်လမြိုင်လမ်းဖောက်လုပ်ပေးခြင်း၊**
- **အိန္ဒူ–ဇာသပြင်လမ်းဖောက်လုပ်ပေးခြင်း၊**
- **ကြာအင်းဆိပ်ကြီး–ချောင်းနှစ်ခွလမ်းဖောက်လုပ်ပေးခြင်း၊**
- **ဘားအံ–မြဝတီ ကျောက်ချောလမ်းခင်းပေးခြင်း၊**
- **ဘားအံ–ရွှေဂွန်း–မြိုင်ကြီးငူကျောက်ချောကတ္တရာလမ်းခင်းပေးခြင်း၊**
- **မြိုင်ကလေး–ကမမောင်း ကျောက်ချောလမ်းခင်းပေးခြင်း၊**
- **ကမမောင်း–ဖာပွန်ကျောက်ချောလမ်း ခင်းပေးခြင်းများဖြစ်ကြောင်း။**

ကရင်ပြည်နယ်တွင် မြစ်ချောင်းများပေါများရာ လမ်းပန်းဆက်သွယ်ရေးမှာ ယခင်က အခက်အခဲများစွာ တွေ့ကြုံခဲ့ရကြောင်း၊ ထိုအခက်အခဲများကို နိုင်ငံတော်အစိုးရလက်ထက်တွင် တံတားကြီးများထိုးပြီး ဖြေရှင်းဆောင်ရွက်ခဲ့သည်မှာ သံလွင်မြစ်ကူးတံတား၊ ဂျိုင်း–ဇာသပြင်မြစ်ကူးတံတား၊ ဘားအံ–ဂျိုင်းမြစ်ကူးတံတား၊ ဒေါလန်းမြစ်ကူးတံတားများဖြစ်ကြောင်း။

ထို့အပြင် ကရင်ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်၌လည်း တံတားအကြီးအသေးပေါင်း ၂၀၀ ခန့်တည်ဆောက်ပေးခဲ့ကြောင်း။

ယခုလက်ရှိ အစိုးရလက်ထက်တွင် ယခင်က မရှိခဲ့ဖူးသေးသော ပညာရေးကဏ္ဍတိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာတွင် ဘားအံတက္ကသိုလ်၊ ဘားအံပညာရေးကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်၊ သူနာပြုအတတ်သင်ကျောင်းတို့ကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

# အမျိုးသားညီလာခံဆိုသည်မှာ

**အမျိုးသားညီလာခံဆိုသည်မှာ လူတစ်စု၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ခု စသည့် တစ်ခုတည်းက ဖွဲ့စည်းကျင်းပသည့် ညီလာခံမျိုးမဟုတ်ဘဲ လူထုလူတန်းစား အသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ ပြည်ထောင်စုသားအသီးသီး ကိုယ်စားလှယ်ပါမကျန် ပါဝင်ဖွဲ့စည်း ထားသည့်အတွက် တစ်နည်းအားဖြင့် တစ်မျိုးသားလုံး ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်း ဖြစ်ခြင်းကြောင့် အမျိုးသားညီလာခံကြီးဟု ခေါ်တွင်ရခြင်းဖြစ်သည်။**

*စာမျက်နှာ ၁၁ မှ*

ဆက်သွယ်ရေးကဏ္ဍတွင်လည်း မြို့နယ်အားလုံးကို မိုက္ကရိုဝေ့(ဖ်) တပ်ဆင်ပြီး ထပ်ဆင့်တီဗွီများလွှင့်ထုတ်နိုင်ခဲ့ကြောင်း၊ ယခင်ကမရှိခဲ့သည့် အော်တိုတယ်လီဖုန်းများကိုလည်း ယခုအခါ မြို့နယ်အလိုက်တပ်ဆင်ပေးနိုင်ခဲ့ကြောင်း။

သဘာပတိကြီး၏ မိန့်ခွန်းနှင့်အဆိုရှင်တို့၏ အဆိုပြုချက်များမှာ ပါရှိသေးခြင်း မရှိသေးသည့် နိုင်ငံတော်ဝန်ကြီးချုပ်မိန့်ခွန်းမှ အရေးကြီးထင်ရှားသည့် အချက်အလက်များကို ကောက်နုတ်ဖြည့်စွက်တင်ပြလိုပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းတွင် ပြောကြားရာ၌ နိုင်ငံတော်တစ်ခုလုံး၏ တာဝန်ကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ စတင်ရယူထမ်းဆောင်ရသည့်အချိန်ကစပြီး တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းနေသည့် နိုင်ငံတစ်ဝန်းလုံး၏ အခြေအနေများကို ပုံမှန်ပြန်ဖြစ်လာအောင် ဆောင်ရွက်ပေးရုံသာမက အနာဂတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ပုံဖော်ပေးရမည်ဆိုသည့် သမိုင်းပေးတာဝန်သည်လည်း အစိုးရအပေါ် ကျရောက်လာခဲ့ကြောင်း၊ ကမ္ဘာနှင့်အဝန်း နိုင်ငံရေး၊ စီးပွားရေးဖြစ်ပေါ် ပြောင်းလဲနေမှုအခြေအနေများအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်လာအောင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အမျိုးသားရေးမူဝါဒ လမ်းစဉ်များကို စနစ်တကျချမှတ်ကျင့်သုံးပြီး ဆောင်ရွက်ရမည်ဟု ခံယူထားပါကြောင်း၊ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးနှင့် ဆီလျော်ညီညွတ်သည့် ဒီမိုကရေစီနိုင်ငံအဖြစ်ပုံဖော်ရမည်ဆိုသည်ကို နိုင်ငံချစ်သည့် ပြည်သူတိုင်းက လက်ခံယုံကြည်ကြကြောင်း။

## အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်

ဝန်ကြီးချုပ်က မိန့်ကြားရာတွင် "မိမိတို့တာဝန်စယူတဲ့နေ့မှာပဲ ရွေးကောက်ပွဲကျင်းပမယ်လို့ ကြေညာခဲ့ပြီး ပါတီစုံစနစ်ကို စတင်ပုံဖော်ပေးခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းသွားနိုင်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံရေးပြောင်းလဲမှုတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မိမိတို့ရဲ့လုပ်ဆောင်ချက်တွေဟာ မြေစမ်းခရမ်းပျိုးလုပ်နေတာမျိုးမဟုတ်ဘဲ အတိတ်ကာလက ကျင်းပခဲ့တဲ့ ဒီမိုကရေစီစနစ်တွေထဲက အားနည်းချက်၊ အားသာချက်တွေကိုလေ့လာပြီး အကင်းမသေသေးတဲ့ သမိုင်းရဲ့ဒဏ်ရာဒဏ်ချက်တွေကို ကုစားရင်း အနာဂတ်ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း" ညွှန်ပြကာ မိန့်ကြားခဲ့ပါကြောင်း။

ဝန်ကြီးချုပ်က ဆက်လက်မိန့်ကြားရာတွင် ဒီမိုကရေစီဆိုသည်မှာ သက်ဆိုင်ရာ နိုင်ငံ၏သမိုင်းကြောင်းအခြေခံနှင့် ပကတိအခြေအနေအပေါ်မှာသာ တည်မီရပ်လုံးဖော်ကြရမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်သုံးမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီမှုမရှိနိုင်သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ယနေ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသော နိုင်ငံများနှင့်မိမိတို့ နိုင်ငံ၏နောက်ခံသမိုင်းကြောင်းနှင့် ပထဝီအနေအထားများ၊လူမျိုးနှင့်ယဉ်ကျေးမှုဓလေ့စရိုက်များသည် ကွဲပြားခြားနားမှုများရှိနေကြောင်း။

ဤကဲ့သို့ ကွဲပြားခြားနားမှုများကြောင့် မိမိတို့အနေဖြင့် တိုင်းတစ်ပါးက ဒီမိုကရေစီကိုပုံတူကူးချပြီး ချက်ချင်းပုံဖော်ပြောင်းလဲ၍ မရနိုင်သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပထဝီမြေအနေအထားအရ ရေစီးသန်သောချောင်းများ၊ မြစ်များ ပေါများကြောင်း၊ မြင့်မားမတ်စောက်သော တောတောင်များလည်းရှိကြောင်း၊ ထို့ကြောင့် တစ်နေရာနှင့်တစ်နေရာ လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်အတွက် ကူးသန်းသွားလာမှုခက်ခဲမှုများရှိခဲ့ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းတွင်များပြားလှသော တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြကြောင်း၊ ဘာသာစကား၊ ယဉ်ကျေးမှု အနည်းငယ်စီ ကွဲပြားပြီး ဒေသအလိုက်ပြန့်ကျဲနေကြကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အချို့ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ပြီးကျန်ရစ်ခဲ့ကြောင်း။

ထို့အပြင် လွတ်လပ်ရေးရပြီးကတည်းက အတွေးအခေါ်အယူအဆ အမျိုးမျိုးကြောင့် နိုင်ငံနှင့်အဝန်း ပေါ်ပေါက်ခဲ့သော လက်နက်ကိုင် ဆန့်ကျင်မှုများသည် ပြည်တွင်းအေးချမ်းတည်ငြိမ်မှုနှင့်တိုးတက်ဖွံ့ဖြိုးမှုကို နောက်ကျကျန်ရစ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့တိုင်လည်း နယ်စပ်ဒေသအချို့တွင် အရိုးစွဲအောင် သွေးခွဲခြင်းခံထားရသော တိုင်းရင်းသား သွေးချင်းအချို့နှင့် လက်နက်ကိုင်ဆန့်ကျင်မှုများရှိနေဆဲဖြစ်ကြောင်း။

ဤသို့အခြေအနေများ၊ အခက်အခဲများကြောင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားများနေထိုင်ရာ အစွန်အဖျားဒေသများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာ ခေတ်နောက်ကျပြီး ကျန်ခဲ့ခြင်းဖြစ်ကြောင်းကို ဝန်ကြီးချုပ်က မိန့်ကြားသွားခဲ့ကြောင်း။

ထို့ကြောင့် အခက်အခဲများကို ကျော်လွှားဖြတ်သန်းပြီး အေးချမ်းတည်ငြိမ် ခေတ်မီဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ တက်လှမ်းနိုင်ရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို နိုင်ငံတော်က ချမှတ်ထားကြောင်းကို ဝန်ကြီးချုပ်က မိန့်ကြားသွားခဲ့ခြင်းဖြစ်ကြောင်း။

ဆက်လက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင်ပါရှိသည့် မူဝါဒလမ်းစဉ် အဆင့်ဆင့်၌ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပမည်ဆိုသည့် အချက်ကို အလေးအနက်ထားပြီး ထောက်ခံတင်ပြလိုကြောင်း။

နိုင်ငံတော်အစိုးရသည် ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ကပင် ထိုအမျိုးသားညီလာခံကြီးကို ကျင်းပပြုလုပ်ပေးခဲ့ရာ လူတန်းစားအလွှာအသီးသီး၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးတို့ ပါဝင်တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း။

## အားကိုးရမည့် အခြေခံဥပဒေကောင်း

ဤကဲ့သို့ ကျင်းပခဲ့သော အမျိုးသားညီလာခံသည် ဦးတည်ချက်ခြောက်ရပ်နှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့် အခြေခံမူများကို လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် စိတ်ရှည်လက်ရှည် ဆင်ခြင်စဉ်းစားပြီး အခြေခံမူများကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အသက်ဝိညာဉ်ပမာ အရေးကြီးလှကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေသည် ပျော့ကွက်၊ ဟာကွက်မရှိဘဲ အားကိုးအားထားရမည့် အခြေခံဥပဒေကောင်း တစ်ခုဖြစ်ရန် အလေးထားပြုစု ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "နိုင်ငံတော်၌ မည်သည့်စနစ်ကို ကျင့်သုံးသည်ပင်ဖြစ်စေ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ တစ်ရပ်လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမယ်လို့" လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

ကျင်းပလာခဲ့သောအမျိုးသားညီလာခံသည် ဦးတည်ချက်ခြောက်ရပ်နှင့်အညီ လေးလေးနက်နက်ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီး အခြေခံမူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ အခြေခံဥပဒေ၏ အဓိပ္ပာယ်အနှစ်သာရများနှင့်ပတ်သက်ပြီး ဥပဒေပညာရှင်များ၊ နိုင်ငံရေးသိပ္ပံပညာရှင်ကြီးများက အခြေခံဥပဒေ အရေးကြီးပုံကို အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုပြောကြားခဲ့ကြကြောင်း။

နိုင်ငံတစ်ခု၌ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ မရှိမဖြစ်လိုအပ်ချက်ကြီးဖြစ်ကြောင်း၊ တိုင်းပြည်၏ အသက်ဝိညာဉ်ပမာ အရေးကြီးသောအခြေခံဥပဒေဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေကို ပျော့ကွက်၊ ဟာကွက်မရှိဘဲ မှန်ကန်ခိုင်ခံ့နေရန်၊ အခွန့်ရှည်ကြာခိုင်မြဲနေရန် အလေးထားပြီး ကြိုးပမ်းပြုစုရမည်ဖြစ်ကြောင်း။

ဤသို့ ကြိုးပမ်းကြရခြင်းသည် ပြည်ထောင်စုသားအားလုံး၏အကျိုးအတွက်ဖြစ်ကြောင်း၊ ရှေးပဝေသဏီကတည်းက အေးအတူ ပူအမျှ နေထိုင်ခဲ့ကြသော မိမိတို့ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အခွန့်ရှည်တည်တံ့ပြီး ဥမကွဲသိုက်မပျက် တည်ရှိနေအောင် ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် ခိုင်ခိုင်မြဲမြဲဖြင့် အားထုတ်ကြိုးပမ်းကြရပါမည်ဖြစ်ကြောင်း။

## လူထုကြီးနှင့်အတူထောက်ခံ

ထို့ကြောင့် နိဂုံးချုပ် မိမိတင်ပြလိုသည်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်တွင် ပထမဆုံးအကောင်အထည်ဖော်ရမည့် အမျိုးသားညီလာခံကြီး ကျင်းပရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပေါ်ပေါက်ရေးတို့အား ဦးစွာပထမ ဆောင်ရွက်ကြပြီး အဆိုရှင်တင်သွင်းသွားသည့် "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး" အဆိုကို တက်ရောက်လာကြသော လူထုကြီးနှင့်အတူ လေးလေးနက်နက် ထောက်ခံအပ်ကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး" အဆိုနှင့်စပ်လျဉ်း၍ ဘားအံတက္ကသိုလ်မှ အားကစားနည်းပြ ဦးမြင့်နိုင်က ထောက်ခံဆွေးနွေးရာတွင် သဘာပတိ၊ မူလအဆိုရှင်နှင့် ပထမထောက်ခံသူတို့တင်ပြသွားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် ထောက်ခံတင်ပြသွားမည်ဖြစ်ကြောင်း။

သဘာပတိကြီးနှင့် မူလအဆိုရှင်၊ ပထမထောက်ခံသူတို့၏ တင်ပြချက်များတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းများထဲမှ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို ကြားသိခဲ့ရသည့်အတွက် နိုင်ငံတော်အတွက် အားတက် ဂုဏ်ယူမိပါကြောင်း မိမိအနေဖြင့် တင်ပြလိုကြောင်း။

နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များထဲတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူပြု ဦးတည်ဆောင်ရွက်ပေးခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အနည်းအကျဉ်း ကောက်နုတ်တင်ပြလိုကြောင်း၊ လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ရရှိဖြစ်ထွန်းလာခဲ့သည့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာမှု၏အကျိုးရလာဒ် ကောင်းများအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စနစ်တကျချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခဲ့ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုအလေးထား အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးဌာနအသစ်တစ်ခုကိုလည်း ထပ်မံဖွဲ့စည်းပေးပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝ မြင့်မားရေးတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

## လူသားချင်းစာနာပံ့ပိုး

မူလပထမ ငြိမ်းချမ်းရေးရရှိလာခဲ့သည့် နယ်မြေဒေသများမှာသာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းကာလ၌ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေခဲ့သည့် နိုင်ငံအဝန်းနယ်စပ်ဒေသများအားလုံးကို တိုးချဲ့လွှမ်းခြုံ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုဆိုလျှင် အဆိုပါဒေသများအတွင်း၌ တိုင်းရင်းသား ပြည်သူအပေါင်း ၅ သန်းကျော် ပေါင်းစည်းနေထိုင်လျက် ရှိခြင်းကြောင့် လူသားချင်းစာနာသည့် ပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှဖြန့်ကြက်ပြီး စနစ်တကျနှင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ခဲ့သည့် ၁၉၈၉ ခုနှစ်ကစတင်ပြီး ၂၀၀၃ ခုနှစ်အထိ ကာလအတွင်းနယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၄၅ ဘီလျံကျော်နှင့် အမေရိကန်ဒေါ်လာ ၅၀၆ သန်းကျော်သုံးစွဲပြီး ဖြစ်သကဲ့သို့ နယ်စပ်ဒေသသည်လည်း ဘက်စုံထောင့်စုံမှ ထူးထူးခြားခြားဖြစ်ထွန်းလျက်ရှိရာ ကချင်ပြည်နယ် ပန်ဝါဒေသ၊ ကိုးကန့်ဒေသ၊ လောက်ကိုင်မြို့နယ်၊ ဝဒေသ၊ နမ့်တစ်၊ မိုင်းမော၊ ပန်ဆန်း၊ ရှမ်း(အရှေ့) မိုင်းလားမြို့တို့မှာ မြေပြန့်ရှိ မြို့ကြီးများနှင့်မခြား တိုးတက်စည်ကားဖွံ့ဖြိုးနေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါကြောင်း။

ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ၌ ၂၀၀၂-၂၀၀၃ ခုနှစ်အထိ တံတားလုပ်ငန်း ၁၁ ခုအတွက် ၁၈၃၂ ဒသမ ၄ သိန်း၊ စိုက်ပျိုးရေးလုပ်ငန်း ၂၅ ခုအတွက် ၃၀၈ ဒသမ ၁၂၇ သိန်း၊ ပညာရေးလုပ်ငန်း ၃၈ ခု အတွက် ၇၈၄ ဒသမ ၀၆ သိန်း၊ ကျန်းမာရေးလုပ်ငန်း ၂၃ ခုအတွက် ၅၅၆ ဒသမ ၂ သိန်း၊ မွေးမြူရေးလုပ်ငန်း သုံးခုအတွက် ၇ ဒသမ ၇ သိန်း၊ စွမ်းအင်လုပ်ငန်း ၁၇ ခုအတွက် ၆၆ ဒသမ ၅၀၄ သိန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ၁၉ ခုအတွက် ၂၁၃ ဒသမ ၈၅၇ သိန်း၊ ဆက်သွယ်ရေးလုပ်ငန်း ၁၀ ခုအတွက် ၃၄ ဒသမ ၅၇၂ သိန်း၊ သာသနာရေးလုပ်ငန်း ၁၃ ခုအတွက် ၁၁၅ ဒသမ ၆ သိန်း၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်းနှစ်ခုအတွက် ၅၈ ဒသမ ၅ သိန်း စုစုပေါင်းလုပ်ငန်း ၁၆၁ ခု အတွက် ၃၉၇၇ ဒသမ ၅၂၀ သိန်း အသုံးပြုပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ နယ်စပ်ဒေသများပါမကျန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ကောင်းကောင်းဖြင့်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် နယ်မြေဒေသအလိုက်ရှိကြသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် နားလည်မှုရရှိခဲ့ခြင်းကြောင့် နယ်မြေဒေသအေးချမ်းတည်ငြိမ်ကာ ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဖောက်ချလုပ်ကိုင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြရမည်ဆို လျှင် ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသာယာဖို့ဆိုသည်မှာပြည်ထောင်စုသားတိုင်းက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝရှိနေကြရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နှင့် ပေါင်းစည်းတည်ထောင် တည်ဆောက်ထားသည့် နိုင်ငံဖြစ်ကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများသည် မိမိတို့ ဘိုးစဉ်ဘောင်ဆက်မှစပြီး နှစ်ပေါင်းထောင်ချီ၍ သမိုင်းစဉ်တစ်လျှောက် မိမိတို့နိုင်ငံနယ်နိမိတ်အတွင်း အတူတကွပေါင်းစည်းပြီး အေးအတူပူအမျှ အပြန်အလှန် အမှီသဟဲပြုနေထိုင်လာခဲ့ကြကြောင်း၊ ယနေ့ထက်တိုင်လည်း ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသအားလုံးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးသည် ခွဲခြား၍မရအောင် ပေါင်းစည်းယှက်နွယ်နေထိုင်လျက်ရှိကြောင်း။

*စာမျက်နှာ ၁၃ ကော်လံ ၁*



## စစ်ကြောင်းများချီတက်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ ကျင်းပရာ စစ်ကြောင်းများ တစ်ခဲနက် ချီတက်လာစဉ်။**

**(သတင်းစဉ်)**

25-9 (12).p65 1 3/25/05, 10:15 PM

# အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ် ပြန်လည်ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၄**

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါအထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဇနီး၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wyoso Prodijowarsito နှင့်ဇနီး၊ သံရုံးဝန်ထမ်း မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၁၂ မှ*

ဤကဲ့သို့ တိုင်းရင်းသားလူမျိုး အသီးသီးတို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံအဖြစ်ရပ်တည်နိုင်စေရန် အခြေခံအကျဆုံးတည်ဆောက်ထားရန် လိုအပ်သည့် စိတ်ဓာတ်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ အုပ်ချုပ်မှုအလံတော်တစ်ခုတည်းအောက်ရှိ နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသတွင်မဆို နေထိုင်ကြသည့် ပြည်သူအားလုံး၏ တလုံးတစည်း တညီတညွတ်တည်းသော စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ မိမိရပ်၊ မိမိရွာ၊ မိမိမြို့ကို ချစ်မြတ်နိုးရာ၌ ဤရပ်၊ ဤရွာ၊ ဤမြို့၊ ဤဒေသအားလုံးကို ပေါင်းရုံးဖွဲ့စည်းထားသည့် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်ခြင်း၊ မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုခြင်းစသည့် အမျိုးစောင့်ဝံသာနု ရက္ခိတတရားပေါ်၌ တည်ဆောက်ထားသည့် စိတ်ဓာတ်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေထဲနေ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူရှိအတူ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း။

မြန်မာတိုင်းရင်းသားများအတွင်း မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် အချင်းချင်းရစ်ပတ်နှောင်ဖွဲ့ကြလျက် အမျိုးကိုစောင့်ရှောက်လိုမှု၊ အမျိုးကိုချီးမြှောက်လိုမှုဆိုသည့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်တို့အပေါ်တွင် အခြေခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံ၌ ပြည်ထောင်စုစိတ်ဓာတ်သည် ယခုအချိန်ထိလည်း ရှင်သန်နေဆဲပင်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၂-၂-၁၉၉၃ရက်တွင်ကျရောက်သည့် (၄၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ၌ ပြည်ထောင်စုစိတ်ဓာတ်နှင့် စပ်လျဉ်းပြီး **"ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများမှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာတစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှု ဓလေ့ထုံးတမ်း ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်မှာ အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားရင်းသားချင်းများဖြစ်ကြပါသည်"** ဟု အလေးအနက် ထည့်သွင်းဖော်ပြသွားပါကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အားကျိုးမာန်တက် စေတနာမှန်ဖြင့် ဆောင်ရွက်ပေးနိုင်မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် အစိုးရနှင့်လက်တွဲပူးပေါင်းပြီး ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြကြောင်း။

နှစ်ပေါင်း ၄၀ကျော် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးချောင်းစီးတိုက်ပွဲပေါင်းများစွာဖြစ်ခဲ့ကြပြီး နှစ်ဖက်စလုံး သေကျေထိခိုက် အသက်ဆုံးရှုံးမှုများ၊ ပြည်သူအများ ဒုက္ခဆင်းရဲခံစားနေရမှုများ စသည့် အနိဋ္ဌာရုံဘဝက လွတ်မြောက်အောင်ဆောင်ရွက်ခဲ့ရခြင်းသည် မလွယ်ကူတာအမှန်ပင်ဖြစ်ကြောင်း၊ ယခင်အစိုးရအဆက်ဆက် မဆောင်ရွက်နိုင်ခဲ့သည်ကို ယခုလက်ရှိနိုင်ငံတော်အစိုးရက အောင်မြင်မှုရအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် ရိုးသားဖြူစင်သည့်သဘောထားဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုအခါတွင် ငြိမ်းချမ်းရေးအဖွဲ့များ၏ တိုင်းရင်းသားခေါင်းဆောင်များသည် ၎င်းတို့၏ဒေသအတွင်းသာမက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်နေပြီဆိုသည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရပါကြောင်း။

မြန်မာပြည်တစ်ဝန်းလုံး၏ ငြိမ်းချမ်းမှုကြောင့် ရရှိလာသည့် အကျိုးအမြတ်များကို သဘာပတိ၊ အဆိုရှင်များနှင့် ပထမထောက်ခံသူ ဒေါ်ခင်မာလွင်၏ တင်ပြချက်များတွင် ကြားသိခဲ့ပြီးဖြစ်မည်ဖြစ်ကြောင်း၊ မိမိတို့ ကရင်ပြည်နယ်အတွင်း၌ ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရ၏ ထူးကဲသောစေတနာနှင့် ပြောင်းမြောက်စွာလုပ်ဆောင်ပေးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပထမထောက်ခံသူ ဒေါ်ခင်မာလွင်က တင်ပြပြီးဖြစ်သော်လည်း မိမိအနေဖြင့် ပိုမိုရှင်းလင်းအောင် တင်ပြလိုပါသေးကြောင်း။

တစ်ချိန်ကဆိုလျှင် ရန်ကုန်က မြဝတီမြို့ကိုသွားမည်ဆိုပါက မြစ်အတန်တန်ကို ခက်ခဲစွာ ဇက်ရေယာဉ်များဖြင့် ကူးလူးသွားလာရသည့်အတွက် လမ်း၌ နှစ်ညအိပ်ကြာမှ ရန်ကုန်မှ မြဝတီကိုရောက်ရသည့်အဖြစ်မျိုးဖြစ်ကြောင်း၊ ယခုအခါ တစ်ချိန်တုန်းက မိမိတို့အိပ်မက်ပင်မမက်နိုင်ခဲ့သည့် သံလွင်မြစ်ကူးတံတားကြီးနှင့် ဘားအံ-ဂျိုင်းမြစ်ကူးတံတားတို့ကို နိုင်ငံတော်မှငွေကျပ် သိန်းပေါင်းများစွာနှင့် နိုင်ငံခြားငွေဒေါ်လာအမြောက်အမြားအကုန်ကျခံတည်ဆောက်ပေးခဲ့မှုကြောင့် ရန်ကုန်မှမြဝတီကို နေ့ချင်းပေါက်ပင်သွားနိုင်သည့်အခြေအနေမျိုး ဆိုက်ရောက်ခဲ့ပြီဖြစ်ကြောင်း။

ထို့မျှမကသေးကြောင်း၊ ယခင်က သံလွင်ရေကြောင်းကိုသာ အသုံးပြုသွားလာရသည့် ဘားအံ-ရွှေဂွန်း-မြိုင်ကြီးငူလမ်းဆိုလျှင်လည်း ကျောက်ချောကတ္တရာလမ်းဖြစ်နေပြီဖြစ်၍ ယခင်က တစ်နေကုန်ရေယာဉ်ဖြင့်သွားရမည့်ခရီးကို ယခုဆိုလျှင် နှစ်နာရီဖြင့် ခရီးပေါက်ခဲ့ပြီးဖြစ်ကြောင်း၊ တခြားဘားအံ-မော်လမြိုင်လမ်း၊ မြိုင်ကလေး-ကမမောင်းလမ်း၊ ကမမောင်း-ဖာပွန်လမ်း စသည့်လမ်းများကိုလည်း နိုင်ငံတော်က အဆက်မပြတ်ဖောက်လုပ်ပေးခဲ့သည့်အတွက် မိမိတို့ကရင်ပြည်နယ်အတွင်း၌ လမ်းပန်းဆက်သွယ်ရေးလွယ်ကူမှုကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့သည်လည်း အဘက်ဘက်က တိုးတက်ခဲ့သည့်အပြင် ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာသွားလာနိုင်မှုကြောင့် တိုင်းရင်းသားချစ်ကြည်မှုကိုလည်း ပိုမိုတိုးပွားစေခဲ့ပါကြောင်း။

မိမိတို့ကရင်ပြည်နယ်မှ ပိုမိုထူးခြားသည့်အချက်တစ်ခုမှာ ပညာရေးကဏ္ဍပင်ဖြစ်ပါကြောင်း၊ ယခင်က ရန်ကုန်တက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်ကိုသာ အားကိုးအားထားခဲ့ရာ ခရီးလမ်းများဝေးကွာမှု၊ သွားလာရေးခက်ခဲမှုတို့ကြောင့် ပညာရေးမှာ ထင်သလောက်ခရီးမပေါက်ခဲ့ကြောင်း၊ ယခုဆိုလျှင် မိမိတို့အိမ်ပေါက်ဝနား၌ ကျောင်းကြီးများရောက်နေသည့်အလား ကရင်ပြည်နယ်မြို့တော်၌ ဘားအံတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရ ကွန်ပျူတာကောလိပ်နှင့် သူနာပြု အတတ်သင်ကျောင်းများ ပေါ်ပေါက်လာပြီမို့ ဝေးဝေးလံလံမသွားရဘဲ မိမိဒေသအတွင်းမှာပင် လူငယ်လူရွယ်၊ ကျောင်းသူကျောင်းသားများ ပညာရည်နို့သောက်စို့နိုင်ကြတော့မှာဖြစ်ကြောင်း။

တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ များများလိုသကဲ့သို့ ပြည်နယ်တစ်ခုပြည်နယ်အတွင်း၌ အထက်တန်းပညာ၊ အဆင့်မြင့်ပညာတတ်မြောက်သူ များများရှိရန်လိုကြောင်း၊ သို့မှသာလျှင် အဆိုးအကောင်း၊ အကျိုးအကြောင်း မှန်မှန်ကန်ကန်သုံးသပ်ဆုံးဖြတ်နိုင်သည့် လူအများအပြားရှိခြင်းအားဖြင့် ပြည်နယ်၏ တိုးတက်ရာတိုးတက်ကြောင်းများကို အားသွန်ခွန်စိုက်လုပ်ကိုင်နိုင်ကြမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် မိမိတို့ပြည်နယ်အတွက် အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ကျသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ပေးခဲ့ရာ၌ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးပါမကျန် ဘက်စုံထောင့်စုံက တိုးတက်ဖွံ့ဖြိုးနေသည်ကို မည်သူမှ ငြင်းကွယ်မရအောင် ကရင်ပြည်နယ်ရှိ ပြည်သူလူထုကြီးကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့မြင်နေကြရပြီးဖြစ်ကြောင်း။

ဤကဲ့သို့ မြန်မာနိုင်ငံကြီး၏ မိမိတို့ပြည်နယ်အတွင်း တိုးတက်နေမှုများကို မနာလိုမရှုဆိတ်သည့် ပြည်တွင်းပြည်ပအဆိုးမြင်ဝါဒီအဖျက်သမားများမှာမူ ကိုယ်ကိုယ်တိုင်လည်း လုပ်မပေးနိုင်၊ သူများလုပ်ပေးသည့်ကိုလည်း အကောင်းမထင်၊ အမြဲတမ်းအကောက်ကြံဖျက်ဆီးရန် ကြံရွယ်နေသည်ကို လူထုကြီးကသတိထားရန်လိုကြောင်း၊ လက်ရှိနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်နေပြီး ဖွံ့ဖြိုးတိုးတက်နေသည့်အရှိန်အဟုန်များကို မည်သည့်နည်းနှင့်မှ အပျက်အစီးအဆုံးအရှုံးမခံနိုင်သလို လျော့နည်းကျဆင်းသွားအောင်ပြုလုပ်မည့်သူမှန်သမျှကို မိမိတို့ပြည်သူလူထုတစ်ရပ်လုံးက ကာကွယ်တိုက်ဖျက်သွားကြရမှာဖြစ်ကြောင်း။

မိမိထပ်မံတင်ပြလိုသည့်အချက်တစ်ချက်မှာ နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထိုက်အလျောက်ဆောင်ရွက်နိုင်ခဲ့သည်နှင့်အမျှ ၁၉၉၂ ခုနှစ်တွင် အမျိုးသားညီလာခံကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပါတီအသီးသီး၊ တိုင်းရင်းသားလူမျိုးစုံအဖုံဖုံတို့က ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဤညီလာခံကြီးတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံထားရသူများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားခေါင်းဆောင်များသာမက အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လူထုလူတန်းစားပေါင်းစုံက ကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ကြကြောင်း၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများကို အမျိုးသားညီလာခံကြီးတွင် တရားဝင်ဆွေးနွေးခွင့်နှင့် ဆန္ဒဖော်ထုတ်ခွင့်ပေးထားခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရအနေနှင့် စိတ်ကောင်းစေတနာကောင်းထားပြီး စစ်မှန်သည့်ပါတီစုံဒီမိုကရေစီစနစ်ကို ချောမောစွာ စနစ်တကျကူးပြောင်းနိုင်ရန်အတွက် အဓိကအခြေခံပင်မလုပ်ငန်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်တွင် စနစ်တကျကျင်းပပေးခဲ့ကြောင်း၊ ဤနေရာတွင် အမျိုးသားညီလာခံကြီးဆိုသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှင်းပြလိုကြောင်း၊ အမျိုးသားညီလာခံဆိုသည်မှာ လူတစ်စု၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ခုစသည့် တစ်ခုတည်းက ဖွဲ့စည်းကျင်းပသည့် ညီလာခံမျိုးမဟုတ်ဘဲ လူထုလူတန်းစားအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ ပြည်ထောင်စုသားအသီးသီး၊ ကိုယ်စားလှယ်ပါမကျန် ပါဝင်ဖွဲ့စည်းထားသည့်အတွက် တစ်နည်းအားဖြင့် တစ်မျိုးသားလုံးပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်း ဖြစ်ခြင်းကြောင့် အမျိုးသားညီလာခံကြီးဟု ခေါ်တွင်ရခြင်းဖြစ်ကြောင်း၊ အဆိုပါညီလာခံကြီး၏ ပထမပိုင်းတွင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များရော ပါတီအသီးသီးမှပါတီဝင်ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များပါမကျန် မိမိတို့ဒေသ၊ လူမျိုး၊ ယဉ်ကျေးမှု၊ လူတန်းစားအသီးသီးတို့၏ ဓလေ့စရိုက်နှင့်ကိုက်ညီ အာမခံချက်ရှိမည့် အခြေခံမှုများကို အစုအဖွဲ့လိုက် ချစ်ခင်ရင်းနှီးမှုမပျက် တိုင်ပင်ဆွေးနွေးညှိနှိုင်းခဲ့ကြသည့်အတွက် အတော်ပင်ခရီးရောက်ခဲ့ပြီးဖြစ်ကြောင်း။

သို့ရာတွင် မြေပေါ်နိုင်ငံရေးအင်အားစုတစ်ခုဖြစ်သည့် အင်န်အယ်လ်ဒီပါတီသည် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်၏ အနာဂတ်အရေးကို အလေးမထား၊ ပစ်ပယ်လျစ်လျူရှုပြီး အမျိုးသားရေးထက်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သဘောထားနှင့် မိမိပါတီတစ်ခုတည်း၏အရေးကိုဦးစားပေးပြီး အမျိုးသားညီလာခံကြီးအပေါ် ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်ခဲ့သည့်အတွက် နိုင်ငံရေးဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုကြိုးပမ်းချက်များမှာလည်း လမ်းတစ်ဝက်မှာပင် တုံ့ဆိုင်းသွားခဲ့ရကြောင်း။

အမျိုးသားညီလာခံကြီးကို မလိုလားသူလူတစ်စု၏ အပြုသဘောမပါ အဖျက်သဘောထားသက်သက်ဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းကြောင့် စစ်မှန်သည့်ပါတီစုံ ဒီမိုကရေစီနှင့် အေးချမ်းတည်ငြိမ်သည့် နိုင်ငံတော်ကြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်သည်လည်း ရွှေပြည်တော်မျှော်တိုင်းဝေးခဲ့ရသည့်အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတင်ပြလိုသည်မှာ ယခုဆိုလျှင် အချိန်အခါ အခြေအနေနှင့်ကိုက်ညီသည့် မိမိတို့ မြန်မာနိုင်ငံ၏ Road Map လည်းရရှိလာပြီးဖြစ်သည့်အတွက် ယင်းလမ်းပြမြေပုံတွင်ပါရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုသည့် အဆိုရှင် ဦးသိန်းကြည်၏အဆိုကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် သဘာပတိက ကရင်ပြည်နယ်၌ကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးပွဲတွင် အဆိုရှင် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဘားအံခရိုင် ပညာရေးမှူး ဦးသိန်းကြည်တင်သွင်းသွားသော "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး"အဆိုကို ပြည်သူလူထုကြီးကိုယ်စား ဒေါ်ခင်မာလွင်နှင့် ဦးမြင့်နိုင်တို့ကထောက်ခံဆွေးနွေးသွားကြောင်း၊ ၎င်းတင်သွင်းသွားသော "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး"အဆိုကို ပြည်သူလူထုကြီးထံမှ အတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပြည်သူလူထုကြီးထံမှ အတည်ပြုချက်ရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူညီကြသည့်အတွက် အဆိုရှင် ဦးသိန်းကြည်၏ အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ယနေ့ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပသော လူထုအစည်းအဝေးက "နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရန်" ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက **"နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ဖော်ဆောင်ရေး" (အောင်ရမည်၊ အောင်ရမည်)၊ "အမျိုးသားညီလာခံကျင်းပရေး" (အောင်ရမည်၊ အောင်ရမည်)၊ "ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး" (အောင်ရမည်၊ အောင်ရမည်)** ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြကာ လူထုအစည်းအဝေး နံနက် ၉ နာရီ မိနစ် ၂၀ တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၅ ခုနှစ် တော်သလင်းလကွယ်နေ့ (ဥပုသ်နေ့)**

**၂၅-၉-၂၀၀၃ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓမ္မာဗေဒအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း - တုန့်နှိုင်းပါလို့ မယှဉ်သာပြီ (မြန်မာနိုင်ငံဂီတအစည်းအရုံး သင်တန်းသား၊သင်တန်းသူများ)
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၅ ၇။ လမူးတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Islands of Dhamma
- ၈:၅၀ ၁၀။ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဗဟန်း ရန်ကုန်မြို့ထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယ အကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆုရ၊ အထက-၁၊ တောင်ဥက္ကလာပ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၄၅ ၈။ ၂၀၀၃ ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၁၇:၅၅ ၉။ **"တန်ဖိုး"** (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)
- ၁၈:၁၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၁၅ ၁၁။ တန်ခိုးတော်အနန္တ ပြည့်ဝမွှမ်းထုံ ရွှေစည်းခုံ - အမျိုးသားရေးအတွက် ပြည်ခိုင်ဖြိုး(စိုးစန္ဒာထွန်း)
- ၁၈:၂၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success In Soccer
- ၁၉:၁၀ ၁၅။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "အဋ္ဌမဆယ်စုနှစ်" အပိုင်း(၆)
- ၁၉:၂၀ ၁၆။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆွေးနွေးခန်း (အတီးပြိုင်ပွဲ) [ဆိုင်း၊ နဲ၊ စောင်း၊ ပတ္တလား၊ အိုးစည်၊ ဒိုးပတ်] - ရာသက်ပန်ပြည်ထောင်စု (ဂီတ၊ ရုပ်ရှင်အစည်းအရုံးဝင်များ)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်းများ
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရရှိသူများ၊ ပညာရှင်များနှင့် မျိုးဆက်သစ်များ၏ ဖျော်ဖြေမှုအစီအစဉ်
- ၂၁။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

## မြဝတီရုပ်မြင်သံကြား

**၂၅-၉-၂၀၀၃ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ကြည်နူးပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် (က)ပထမနှစ်(မြန်မာစာ) (ခ)ပထမနှစ်(ဥပဒေပညာ)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လင်နဲ့မယား"** (အပိုင်း-၉)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက မြစ်တစ်စင်း"** (အပိုင်း-၂၈)

# ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံကိုကြိုဆို

**သတင်းဆောင်းပါး - နီနုနုစံ**
**ဓာတ်ပုံ - သန်းနိုင်**



**မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း ဥက္ကဋ္ဌ ဒေါ်စိန်စိန်။**

ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများ အသင်းချုပ် ကမ္ဘာ့ညီလာခံကို ပြည်ထောင်စုမြန်မာနိုင်ငံ၌ စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက်နေ့ထိ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်ကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁ နိုင်ငံ ပါဝင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် (International Federation of Women Entrepreneurs) (IFWE) သည် အစိုးရအဖွဲ့အစည်းမဟုတ်သော လူမှုရေး အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများ အသင်းကြီး၏ ရည်ရွယ်ချက်သည် လုပ်ငန်းအသေးစားများ ဖွံ့ဖြိုးတိုးတက်ရန်၊ ကိုယ်ပိုင်လုပ်ငန်းများ အရည်အချင်းပြည့်မီရန်၊ စွမ်းဆောင်ရည်မြင့်မားရန်အတွက် စီးပွားရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများနှင့်လည်း ဆက်သွယ်နိုင်ရန်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများ အသင်းချုပ်၏ ကမ္ဘာ့ညီလာခံကြီးကို ပထမဆုံးအကြိမ် ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် ပါကစ္စတန်နိုင်ငံ၌ကျင်းပခဲ့သည်။ ဒုတိယအကြိမ် ညီလာခံကို ၁၉၉၄ ခုနှစ် မတ်လတွင် အီသီယိုးပီးယားနိုင်ငံ၊ တတိယအကြိမ် ညီလာခံကို ၁၉၉၄ ခုနှစ် စက်တင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ စတုတ္ထအကြိမ် ညီလာခံကို ၁၉၉၅ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ပဉ္စမအကြိမ် ညီလာခံကို ၁၉၉၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ဆဋ္ဌမအကြိမ် ညီလာခံကို ၁၉၉၇ ခုနှစ် စက်တင်ဘာလတွင် ဂါနာနိုင်ငံ၊ သတ္တမအကြိမ် ညီလာခံကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယနိုင်ငံ၊ အဋ္ဌမအကြိမ် ညီလာခံကို ၂၀၀၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ နဝမအကြိမ် ညီလာခံကို ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် မလေးရှားနိုင်ငံတို့တွင် ကျင်းပခဲ့သည်။

အဆိုပါ ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက် တွေ့ဆုံမေးမြန်းခဲ့ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီမြင့်က ရှင်းလင်းဖြေကြားခဲ့သည်။ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(Myanmar Women Entrepreneurs' Association)ကို ၁၉၉၅ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတကာရှိ စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်နေကြသော အမျိုးသမီးများကဲ့သို့



**မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီမြင့်။**

မြန်မာ အမျိုးသမီးများသည်လည်း စီးပွားရေးအခန်းကဏ္ဍ အသီးသီးတွင် ဦးဆောင်လုပ်ကိုင်လျက်ရှိပြီး ထိုကဲ့သို့ စွမ်းဆောင်နိုင်သော အရည်အချင်းများရှိကြသည့် မြန်မာအမျိုးသမီးများကို စုစည်းပေါ်လွင် ထင်ရှားလာစေရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းကို ဖွဲ့စည်းရခြင်းဖြစ်သည်။ စီးပွားရေးဆိုင်ရာ လုပ်ငန်းတစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်ခြင်းမဟုတ်ဘဲ လူမှုရေးလုပ်ငန်းများ၊ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။ အသင်းကြီးအနေဖြင့် ကမ္ဘာ့အမျိုးသမီးများနှင့် ကွန်ရက်ဆက်ဆံမှု၊ အမြင်ခြင်း ဖလှယ်မှုများကို တက်ရောက်ခဲ့ပြီးသော ညီလာခံများမှ အမြင်သစ်၊အတွေးသစ်များကိုရရှိခဲ့ပေသည်။



**ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်မြင့် ရှင်းလင်းဖြေကြားစဉ်။**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ကိုယ်စားလှယ်များသည် ၂၀၀၀ပြည့်နှစ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော 7th G Global Conference of Women Entrepreneurs သို့လည်းကောင်း၊ ၂၀၀၁ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ကျင်းပသော 8th Global Conference of Women Entrepreneurs သို့လည်းကောင်း၊ ၂၀၀၂ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသော 9th Global Conference of Women Entrepreneurs သို့လည်းကောင်း တက်ရောက်ခဲ့သည်။ ၂၀၀၁ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ညီလာခံတွင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် (IFWE)တွင် အသင်းဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ရာ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ညီလာခံကျင်းပပြုလုပ်ရန် အသင်းချုပ်ကြီးက ကမ်းလှမ်းခဲ့သည်။

ယခု ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်ကမ္ဘာ့ညီလာခံကို–

**(၁) အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များနှင့် မိတ်ဖက်များ ကမ္ဘာ့ဖြန့်ကြက် ကွန်ရက်ဆက်နွယ်၍ စီးပွားရေးဆိုင်ရာ နယ်မြေဒေသအရေး၊ လူမှုရေး၊ အားမာန်သစ်များဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊**

**(၂) ညီလာခံ ကိုယ်စားလှယ်များအတွင်း အတွေ့အကြုံများ၊ လက်တွေ့နည်းနာနှင့် နည်းဗျူဟာများကို ဆွေးနွေးဖလှယ်ကြခြင်းဖြင့် ကမ္ဘာ့စီးပွားရေးဈေးကွက်များသို့ အောင်မြင်စွာထိုးဖောက်ဝင်ရောက်နိုင်ကြစေရန်၊**

**(၃) အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအတွင်း ချစ်ခင်ရင်းနှီးမှုများ တိုးမြင့်လာကြစေရန်နှင့်တိုင်းပြည်အသီးသီး၏ ယဉ်ကျေးမှုဆိုင်ရာ ခံစားသိရှိနားလည်းမှု ကျယ်ပြန့်လာကြစေရန်၊**

**(၄) ကမ္ဘာ့အမျိုးသမီးများ မြန်မာနိုင်ငံကို တွေ့မြင်လေ့လာနိုင်သည့် အခွင့်အလမ်းများ ရရှိကြစေရန်နှင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံမှု၊ စီးပွားရေး၊စီးပွားရေးမဟုတ်သော လုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်များရရှိကြစေရန်၊**

**(၅) ကမ္ဘာ့အမျိုးသမီးညီလာခံကြီး၏ လှုပ်ရှားမှုများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ကြခြင်းဖြင့် မြန်မာ့စီးပွားရေးအမျိုးသမီးများ၏ ခံယူချက်နှင့် အမြင်များ၊ စွမ်းဆောင်ရည်များ၊ လုပ်ငန်းနယ်ပယ်များကို ပိုမိုမြင့်မား တိုးတက်ကျယ်ပြန့်စေရန်**ဟူသည့် ရည်ရွယ်ချက်ငါးရပ်ဖြင့် ကျင်းပရခြင်းဖြစ်ပါသည်။

ယင်းညီလာခံကြီးသို့ နိုင်ငံပေါင်း ၁၀ နိုင်ငံဖြစ်သည့် မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဂျပန်၊ တရုတ်နှင့် သြစတြေးလျနိုင်ငံတို့ တက်ရောက်ကြမည်ဖြစ်ပြီး တက်ရောက်မည့်သူ စုစုပေါင်း ၂၀၀ ခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဤသို့လာရောက်ကျင်းပခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်ဦးနှင့်တစ်ဦး အသိအမြင်ချင်း ဖလှယ်နိုင်ကာ ရင်းနှီးချစ်ခင်မှုရရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ သဘာဝအလှ၊ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့များကို လေ့လာသိရှိခံစားနိုင်ပြီး မြန်မာနိုင်ငံကြီး၏ အေးချမ်းသာယာမှုတို့ကို လက်တွေ့သိမြင် ခံစားနိုင်မည်ဖြစ်ပါကြောင်း ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံကို ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။







**စပယ်ဦးစာပေ၊ အမှတ် ၁၇၂၊ ၃၅ လမ်း(အလယ်)၊ ရန်ကုန်မြို့။ ဖုန်း–၂၈၀၂၁၄ က ထုတ်ဝေသော အရှင် ဓမ္မရက္ခိတ(ချောင်းဦး မောင်စန္ဒာ)ပြုစုသည့် ရဟန်းကျင့်ထုံးဝိနည်းတော်ကျမ်း နှစ်ရာ့ရှစ်ဆယ့်ခုနစ်သွယ် စာအုပ်မျက်နှာဖုံး။**

(က–ပ)


**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြုပြင်ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၂၂၀ ရှိ ဥက္ကံချောင်းကူး သစ်သားတံတားကို ပိုင်ရိုက်စက်ဖြင့် ပြုပြင်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၁ ရက် က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။(မြို့နယ် ပြန်/ဆက်)**



# ကျောက်ဆည်စက်မှုနယ်မြေစက်ရုံများ ဝန်ကြီးဦးအောင်သောင်းကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၃

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၁ရက် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ ဝင်းသူဇာဆိုင်သို့ရောက်ရှိ၍ ဆိုင်တိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပစ္စည်းအမည်စုံ ဆိုင်တင်ရောင်းချသွားရေးနှင့် ပစ္စည်းများ ပြတ်လပ်ခြင်းမရှိစေရန် မှာယူဖြည့်တင်းသိုလှောင် သွားရေး မှာကြားသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည် စက်မှုနယ်မြေ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ ဘိလပ်မြေစက်ရုံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စက်ရုံမှူးက ဘိလပ်မြေထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေများ၊ ထိုးကျောက် ထုတ်လုပ်မှုနှင့် ဆက်စပ်ကုန်ကြမ်းပစ္စည်းများ သိုလှောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ရုံလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောက်ဆည်စက်မှုဒေသရှိ စက်ရုံမှူး များနှင့် တာဝန်ရှိသူအသီးသီးသည် အထက်မှပေးအပ်သည့်အမိန့်၊ညွှန်ကြားချက်များကိုတိကျစွာ လေးစားလိုက်နာကြရန်၊ တစ်စုံတစ်ယောက်၏ တာဝန်လစ်ဟင်းမှုများကြောင့် နိုင်ငံပိုင် စက်ကြီးများ ပျက်စီးဆုံးရှုံးခြင်း၊ ထုတ်လုပ်မှုများ လျော့နည်းခြင်းများ မဖြစ်စေရန် စနစ်တကျ စီမံကွပ်ကဲသွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ဘိလပ်မြေစက်ရုံကို လှည့်လည်ကြည့်ရှုရာ ရှေးဦးစွာ လျှပ်စစ်ဖုန်စုပ်စက်ကို လည်းကောင်း၊ ကုန်ကြမ်းကြိတ်စက် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အပ်ချုပ်စက်ရုံ (ကျောက်ဆည်)ရှိ စက်အစိတ်အပိုင်းများ ထုတ်လုပ်မှုလုပ်ငန်းများ၊ တပ်ဆင်ရေးအလုပ်ရုံ၏ စက်တပ်ဆင်ခြင်း လုပ်ငန်းများ၊ လိုင်းအလိုက်စက်ပစ္စည်းများ တပ်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်ဆင်ပြီး အပ်ချုပ်စက်ခေါင်းများအား လျှပ်စစ်မော်တာဖြင့် စပ်းသပ်မှုအခြေအနေများ၊ ထုတ်လုပ်ပြီး အပ်ချုပ်စက်များ စမ်းသပ်ချုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ စားသောက်ကုန်လုပ်ငန်း၊ သကြားလုံးစက်ရုံ (ကျောက်ဆည်)ရှိ ထုတ်လုပ်မှုလိုင်းသစ်၌ စက်သစ်များ တပ်ဆင်ပြီးစီးမှု အခြေအနေများနှင့် သကြားလုံးထုတ်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများလိုက်ပါလျက် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း တစ်ခါသုံးဆေးထိုးအပ်နှင့် သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေး စီမံကိန်း (ဟန်မြင့်မိုရ်)သို့ ရောက်ရှိလာရာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့နယ် အင်ရေဝင်းကျေးရွာ၊ မင်းစုကျေးရွာနှင့် ဆင်ဦးကျေးရွာအနီး၌ တည်ဆောက်မည့် စက်ရုံသစ် စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ စက်ရုံအနေအထားကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ရုံမြေနေရာကို မြေပုံဖြင့် တိုက်ဆိုင်စစ်ဆေးရွေးချယ်ပြီး စက်ရုံတည်နေရာ ရွေးချယ်ရာ၌ လယ်ယာမြေနှင့် လွတ်ကင်းသောမြေနေရာကို အဓိကထား ရွေးချယ်ရန်နှင့် မြေညှိခြင်းလုပ်ငန်းများ၊ ပင်မအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်သွားရေး မှာကြားသည်။ **(သတင်းစဉ်)**



**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးတို့ လိုက်ပါလျက် စက်တင်ဘာ ၂၃ရက်က ကျောက်တန်းမြို့ရှိ ကျိုက်ပြာသာဒ်တန့်(မင်းကျောင်း)၏ သံကူကွန်ကရစ်ကျောက်စီ မြေထိန်းနံရံ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)**



**ဓနုဖြူမြို့နယ် ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က မြေစာရင်း ဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးဆန်းလင်းဦးက ရှင်းလင်းပြောကြားစဉ်။**

**(ဝဓ၅)**

## (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် နှိုးဆော်

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ဖွံ့ဖြိုးသာယာ ပြည်မြန်မာ" နှင့် " ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀ လက်မx၁၂ လက်မနှင့်အထက်အရွယ် Printပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data) နှင့် ဓာတ်ပုံအကြောင်းအရာ (Caption) ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများ ပါရှိလျှင် ၎င်းတို့၏သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖေါ်ပြချက် ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန် မလိုကြောင်း ကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ် ၂၇ ရက်တွင်ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များ၌ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ္ဘာလှည့်ခရီးသည် လုံခြုံမှုစောင့်ရှောက်ရေးသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှု စောင့်ရှောက်ရေးသင်တန်း အမှတ်စဉ်(၆/၂၀၀၃)ဖွင့်ပွဲကိုယမန်နေ့ နံနက်၉နာရီတွင် ပြည်ထဲရေးဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက် အမှာစကား ပြောကြားသည်။

သင်တန်းကာလမှာ ရက်သတ္တ (၁၂)ပတ်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသားရဲအရာရှိ ၄၀ တက်ရောက် ကြပြီး သင်တန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များအတွက် လုံခြုံစိတ်ချမှုနှင့် စိတ်အေးချမ်းမြေ့စွာ သွားလာလည်ပတ်နိုင်ကြစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်မည့် အစီအမံဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နှစ်(၅၀)ပြည့် ရွှေရတုနှင့် အာစရိယပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၂၃**

ဂျိုးဖြူ(စံပြ)အခြေခံပညာမူလတန်းလွန် ကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုနှင့် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက်တွင် ကျင်းပမည်ဖြစ်ပါ သဖြင့် အနယ်နယ် အရပ်ရပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်ကြားထားကြောင်းနှင့် ဦးသိန်းထွန်း-ဒေါ်ခင်အေးမြင့် D.7 သဇင်လမ်း F.M.I Cityလှိုင်သာယာမြို့၊ ဖုန်း-၆၈၁၉၆၆၊ ဂျိုးဖြူ(စံပြ)အခြေခံပညာမူလတန်းလွန်ကျောင်း တိုက်ကြီးမြို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



**အိပ် မက် ဦး စာ ပေ ဖုန်း- ၇၂၁၀၆၇၊ အမှတ်(၃၅)၊ (၈-ခ)လွှာ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသော မင်းသုဝဏ်၏ မြန်မာစာ-မြန်မာမှု စာအုပ်မျက်နှာဖုံး။**

**(က-ပ)**

## လျှပ်စစ်ကျွမ်းကျင် သင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရဲမြန်မာလျှပ်စစ်ကျွမ်းကျင်သင်တန်းက Generators, Motors, Transformers, Cireuit Breakers, Relays, Overhead Lines, Under ground Cables, Lightning Arresters, Electrical Measuring Instruments, Earthing Systems, Electrical Home Appliances, Electrical Safety Devices, House Wiring, Power Installation ဘာသာရပ်များကို စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းကာလပြီးဆုံးအောင်မြင်ပါက ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည် ဖြစ်ရာ ရဲမြန်မာ လျှပ်စစ်ကျွမ်းကျင် သင်တန်း အမှတ်(၄၃)(စတုတ္ထထပ်) လမ်း ၁၄၀၊ မအူကုန်းရပ်ကွက်၊ တာမွေ မြို့နယ်၊ ဖုန်း-၂၀၂၆၅၀သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(က-ပ)**

## ရေကန်များသန့်ရှင်းရေး ဒိုက်မှော်များဆယ်ယူ

**ဘိုကလေး စက်တင်ဘာ ၂၀**

မြို့နယ်သန့်ရှင်းသာယာလှပရေး မွမ်းမံပြင်ဆင်မှုလုပ်ငန်းအဖြစ် ဘိုကလေးမြို့ မြို့ပြ(၂)ရပ်ကွက် ရေဖြူကန် ရေကန်ကို စက်တင်ဘာ ၇ ရက်က သန့်ရှင်းစေရေးအတွက် ကန်အတွင်းရှိ အမှိုက်များ၊ ဒိုက်များ၊ မှော်ဖတ်များ မရှိစေရန် ရှင်းလင်းဆယ်ယူဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းဝင်း၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကိုဦးတို့က ကြပ်မတ်၍ ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## အရှင်အာစာရလင်္ကာရ တရားပွဲများကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီး သကျသီဟ သာမဏေကျော်၊ သိရိမင်္ဂလာစရိယ၊ ဓမ္မကထိက၊ ပဋ္ဌာနိကာယဝိဒူ၊ ဂန္ထဝါစက ပဏ္ဍိတ၊ ကျမ်းပြု စာရေးဆရာ(ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဆရာတော်) အရှင် အာစာရလင်္ကာရ အရှင်သူမြတ်သည် စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂နာရီတွင် ရွှေဘို ရွှေတန်ဆာ ဥပုသ်ပွဲ ဓမ္မသဘင်၊ည ၈ နာရီရွှေဘိုရွှေတန်ဆာ ညအထူးဓမ္မသဘင်၊ စက်တင်ဘာ ၂၉ ရက် မကွေးမြို့၊ နာရေးကူညီမှုအသင်း နှစ်ပတ်လည် ဓမ္မသဘင်၊ အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ရွှေဘိုရွှေတန်ဆာဘုရား ဥပုသ်ပွဲ ဓမ္မသဘင်၊ ည ၈ နာရီတွင် ရွှေဘို ရွှေတန်ဆာ ညအထူး ဓမ္မသဘင်၊ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့၊ တမ္ပဝတီမုခ်ဦးတန်းရပ် ဥပုသ်ပွဲဓမ္မသဘင်၊ ည ၈ နာရီ စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက် သန္တိသုခဓမ္မာရုံ အထူးဓမ္မသဘင်၊ အောက်တိုဘာ၁၂ရက်ညတွင် ရန်ကုန် သဃ်္ဃန်းကျွန်း၊ စံပြရပ်ကွက် မဟာဓမ္မပါလ ဆွမ်းသိမ်းအောင်ပွဲဓမ္မသဘင်၊ အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ဒဂုံမြို့သစ် တောင်ပိုင်း(၇၁) ရပ်ကွက်၊ ဈေးပတ်လမ်း အပိုင်း(၃) မိသားစု ဆွမ်းသိမ်းအောင်ပွဲ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော်နှင့် ဆက်သွယ်လိုပါက စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်၊ သဒ္ဒမ္မကာရီကျောင်းဆောင်၊ ဖုန်း-၁၇၂-၂၂၁၇၀၊ ၀၇၂-၂၁၁၆၉ သို့ တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



**ရှေ့နေနှင့်အမှုသည်တို့၏ သဘော သဘာဝကို သရုပ်ဖော်ထားသည့် စာရေးဆရာမောင်မြေမှူး ရေးသားပြီး မြမြမောင်းစာပေ၊ ဖုန်း-၇၂၅၇၄၀ က ဖြန့်ချိသော မြက်နုစား မြည်းတစ်ကောင်နှင့် သူ၏ရှေ့နေ စာအုပ်မျက်နှာဖုံး။**

**(က-ပ)**



# ကျိုက္ခမီမြို့ ရေလယ်ဆံတော်ရှင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးစည်းဝေး

**ကျိုက္ခမီ စက်တင်ဘာ ၂၁**

မွန်ပြည်နယ် ကျိုက္ခမီမြို့ရှိ သမိုင်းဝင် ရေလယ် ဆံတော်ရှင် မြတ်စွာဘုရား၏**(အပေါ်ပုံ)** နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယ ပွဲတော်ကို အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ (သီတင်းကျွတ်လပြည့် ကျော် ၁ ရက်မှ ၅ရက်အထိ) ငါးရက်တိုင်တိုင် ကျင်းပရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၉ ရက်က ကျိုက္ခမီမြို့ ရေလယ်ဆံတော်ရှင်မြတ်စွာဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပွဲတော်ကျင်းပရေးကော်မတီနာယက ဗိုလ်မှူးကြီးခင်မောင်စိုး၊ သံဖြူဇရပ်မြို့နယ်ဥက္ကဋ္ဌ ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကျိုက္ခမီရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ် ဝင်းထွဋ်၊ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းစိန်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပွဲတော်ကျင်းပရေးကော်မတီနာယကနှင့် ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး လုပ်ငန်းဆပ်ကော်မတီဝင်အသီးသီးတို့က ပွဲတော်ကျင်းပရေးနှင့်ပတ်သက်၍ ကြိုတင်ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေဆဲလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တင်ပြချက်များအပေါ် ကျင်းပရေးနာယကနှင့် ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌတို့က လိုအပ်ချက်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပုသိမ်လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူးစစ်ဆေး

**ပုသိမ် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၀ ရက်နံနက်က ပုသိမ်-ရန်ကုန် ကားလမ်းဘေးရှိ ပုသိမ်လေယာဉ်ကွင်း တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား လေယာဉ်ကွင်း တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းဇော်နှင့် မြန်မာ့အား ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွဋ်တို့က လေယာဉ်ကွင်း၏ သမိုင်းအကျဉ်း၊ စီမံကိန်းကာလ အပိုင်းအခြားအလိုက် ပြေးလမ်းတိုးချဲ့မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်စွက်မှာကြားပြီး လေယာဉ်ပြေးလမ်းတစ်လျှောက် ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပုသိမ်လေယာဉ်ကွင်း တည်ဆောက်ရေး စီမံကိန်းကို ၂၀၀၁ ခုနှစ်မှစတင်၍ မြေသားလုပ်ငန်းစတင်ခဲ့ရာ ယခုအခါ အလျား ပေ ၈၅၀၀၊ အကျယ်ပေ ၂၀၀ ရှိ ကွန်ကရစ် လေယာဉ်ပြေးလမ်းခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၂၂၈၈၀ ရှိရေမြောင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် လာမည့်ပွင့်လင်းရာသီတွင် ပြေးလမ်းမျက်နှာပြင်လွှာခင်းခြင်းနှင့် ရေမြောင်း ကျောက်စီခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမြို့မြို့အနယ်နယ် သတင်းများ



စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ ဆင်ဖြူကျွန်းမြို့ သန့်ရှင်းသာယာရေးအတွက် မြို့တွင်းလမ်းမတော်နှင့် နေရှင်နယ်လမ်း၊ ရွှေတောင်ကျောင်းလမ်းများ ဝဲယာတွင် ပန်းအလှပင်နှင့် ရွက်လှပင်မျိုးစုံ ခြောက်ရာကျော်ကို စက်တင်ဘာ ၁၃ ရက်က စိုက်ပျိုးကြစဉ်။ **(မြို့နယ်စည်ပင်)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁၁**

ကြာအင်းဆိပ်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲနှင့် လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ရက် နံနက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသိန်းမြင့်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ လူထုကျန်းမာရေး လုပ်သားသင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၃၆ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

# ကုန်စည်ပြပွဲနှင့်ဈေးပွဲတော် မြိတ်မြို့တွင်ကျင်းပမည်




**မြိတ် စက်တင်ဘာ ၂၃**

ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များ မိမိတို့၏ အဆင့်မြင့်ကုန်ပစ္စည်းများကို တိုက်ရိုက်ပြသ ဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် တနင်္သာရီတိုင်းမှ ပြည်သူများအနေဖြင့် လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လေ့လာကြည့်ရှုဝယ်ယူနိုင်ရန် ရည်ရွယ်၍ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ခွင့်ပြုကူညီမှုဖြင့် Climax Business Group Co., Ltd. က မြိတ်မြို့ မြို့နယ်အားကစားကွင်းတွင် နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ အဆင့်မြင့် ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ကြီး ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အဆင့်မြင့် ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ကြီးတွင် အလှကုန်နှင့် လူသုံးကုန် ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသုံး ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် အဆင့်မြင့်နည်းပညာဆိုင်ရာ ပစ္စည်းအမျိုးမျိုး၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလယ်ယာသုံး ပစ္စည်းအမျိုးမျိုးနှင့် အခြားသောအရည်အသွေးစံချိန်မီ ကုန်ပစ္စည်းများကိုပါဝင်ပြသရောင်းချကြမည်ဖြစ်သည်။

ပြပွဲလာပြည်သူများအား ဝတ်စားဆင်ယင်မှု ပြပွဲများ၊ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲများဖြင့်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

Main Sponsor အဖြစ် တာဝန်ယူသူများအား အထူးအခွင့်အရေးများ ပေးအပ်သွားမည်ဖြစ်သည်။

မိမိတို့၏ အဆင့်မြင့်အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားသောအဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော လုပ်ငန်းရှင်များ အနေဖြင့် Climax Business Group Co., Ltd.တိုက်(၆)၊ အခန်း၂၈၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၂၄၇၉၀ သို့ ဆက်သွယ်စုံစမ်းပြသနိုင်ကြောင်း သိရသည်။ **(က-ပ)**




**ပထမအကြိမ် ကမ္ဘာ့ရှေးဦးသူနာပြုနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က အိမ်မဲမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်က ကြက်ခြေနီတပ်ဖွဲ့လုပ်ငန်း ထူးချွန်သူ တပ်ခွဲမှူးဒေါ်စန်းယုရွှေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)**

**သံဖြူဇရပ်မြို့နယ် ပညာရေးမှူး ဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကို သံဖြူဇရပ်မြို့ အားကစားကွင်းတွင် စက်တင်ဘာ ၁၃ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြသောင်းနှင့် အထက (၁) ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦးတို့က ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်စဉ်။ (က-ပ)**



# လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးသင်တန်းဖွင့်

**မော်လိုက် စက်တင်ဘာ ၁၆**

မော်လိုက်ခရိုင် မြေစာရင်းဦးစီးဌာနကကြီးမှူး၍ ခရိုင်အဆင့်လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက်နံနက်က မော်လိုက်ခရိုင် မြေစာရင်းဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင် မြေစာရင်းခရိုင်ဦးစီးမှူး ဦးကျော်ဌေးက အမှာစကားပြောကြားပြီး သင်တန်းမှူး ဖောင်းပြင်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်သိန်းက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ စက်တင်ဘာ ၁၃ရက်မှ ၁၅ရက်အထိဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# မီးအန္တရာယ်ကာကွယ်ရေး မီးငြိမ်းသတ်မှုလေ့ကျင့်

**ရွှေဘို စက်တင်ဘာ ၁၉**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်း လက်တွေ့လေ့ကျင့်မှုကို စက်တင်ဘာ ၁၈ရက် နံနက်က စည်ပင်သာယာဈေး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးသိန်းက မြို့မဈေးကြီးအတွင်း မီးလောင်လွယ်သည့် ကုန်ပစ္စည်းများ၊ လောင်စာများ စုပုံထားရှိခြင်းမပြုရန်၊ မီးသုံးစွဲမှု စနစ်တကျရှိစေရန် မီးဘေးလုံခြုံရေးစီမံချက်များကို ရှင်းလင်းပြောကြားပြီး ဈေးကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့ဇာတ်တိုက်လေ့ကျင့်ကြသည်။ **(က-ပ)**

## မြန်မာ့အသံ

**၂၅-၉-၂၀၀၃ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(တော်သလင်းလကွယ် တရားတော်)
-ဥပုသ်နေ့ရှိုးဆော်ချက်

၀၉:၀၀ နဝင်္ဂဥပေါသထသီလပေးတရားတော်
(နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကရေခမ္မ ဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ)

**နေ့လယ်ပိုင်း**

၁၀:၀၀ ဧကာဒသမအကြိမ်
မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီး
ပြိုင်ပွဲဝင်များလေ့လာရန်
ဓမ္မပူဇာတေး

၁၁:၁၅ သုခ၏ ရတနသုတ်ဆွေးနွေးခန်း
(အပိုင်း-၁၁)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)လိုတရနှလုံးသား (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ)
(၂)ဖန်ဆင်းခြင်းနှင့်နိုင်ငံတကာ ပုံပြင်များ(ဝင်းဝေနောင်)

၁၂:၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်ကြီး ၁၁ သုတ်ပါဠိနှင့်
အနက်ဖွင့်ဆိုဟောကြားချက်

**ညနေပိုင်း**

၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏
အင်္ဂုလိမာလသုတ်ပါဠိနှင့်
အနက်ဖွင့်ဆိုဟောကြားချက်

၁၆:၃၀ နိုင်ငံတကာစီးပွားရေး
သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၉:၁၅ ကွက်စိပ်(တွံတေးဒဂုံဆရာညွန့်ရဲ့ သုပ္ပဗုဒ္ဓဇာတ်)
-မင်းကွန်းဆရာတော်ကြီး၏
အရပ်ဆယ်မျက်နှာ
မေတ္တာဘာဝနာတရားတော်

# နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုထုထည်ပမာဏ

| | ၁၉၈၈ ခုနှစ် | ၂၀၀၃ ခုနှစ် |
|---|---|---|
| **လယ်ယာကဏ္ဍ** | စပါးထွက်ရှိမှု တစ်နှစ်တင်းသန်း ၆၅၄<br>စိုက်ပျိုးရေရရှိရေး | တစ်နှစ်စပါးတင်း သန်း၁၀၀၀<br>၁၉၈၈ နောက်ပိုင်း ဆည်မြောင်းတာတမံစီမံကိန်းပေါင်း ၁၅၁ နှင့် မြစ်ရေတင်စီမံကိန်းပေါင်း ၂၆၅ ခု |
| **သားငါးကဏ္ဍ** | ထုတ်လုပ်မှု တန်ပေါင်း ၆၈၁၀၀၀ | ထုတ်လုပ်မှု တန်ပေါင်း ၁၅၇၉၀၀၀ |
| **သစ်တောကဏ္ဍ** | ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ဧက ၂၄ ဒသမ ၈ သန်း<br>သဘာဝနယ်မြေဖွဲ့စည်းမှု ဧက ၁ ဒသမ ၃၅ သန်း | ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ဧက ၃၅ ဒသမ ၀၅ သန်း<br>သဘာဝနယ်မြေဖွဲ့စည်းမှု ဧက ၃ ဒသမ ၃၆သန်း<br>သစ်တောစိုက်ခင်းဧက တစ်သန်းတစ်သိန်းနီးပါး |
| **စက်မှုလက်မှုကဏ္ဍ** | နိုင်ငံပိုင်/ပုဂ္ဂလိကပိုင်<br>စက်ရုံပေါင်း ၂၇၄၃၀ | စက်ရုံပေါင်း ၅၁၉၈၀၊ စက်မှုဇုန်ကြီး ၁၈ ဇုန် |
| **လမ်း၊တံတားကဏ္ဍ** | လမ်းပေါင်း ၄၆၁ လမ်း<br>လမ်းမိုင်အရှည် ၁၃၆၀၀<br>ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားနှင့်<br>စစ်တောင်းတံတားသာ အထင်ကရရှိခဲ့။ | လမ်းသစ် ၅၅ ခု<br>လမ်းမိုင် ၂၀၀၀ ခန့် တိုးပွားဖြစ်ထွန်း။<br>ပေ ၁၈၀အထက် မြစ်ကူး<br>တံတားကြီးပေါင်း ၁၆၁ စင်း တည်ဆောက်ပြီးစီး။ |
| **ရထားပို့ဆောင်ရေး** | ခရီးမိုင် ၁၉၇၆ ကျော် | ခရီးမိုင် ၃၀၀၀ နီးပါး |
| **လေကြောင်းပို့ဆောင်ရေး** | လေယာဉ်ကွင်း ၂၁ ကွင်း<br>F 28 ဂျက်လေယာဉ်ဆင်းသက်နိုင်သည့်<br>လေယာဉ်ကွင်း ၆ ကွင်း | လေယာဉ်ကွင်း ၂၇ ကွင်း<br>F 28 ဂျက်လေယာဉ်ဆင်းသက်နိုင်သည့် လေယာဉ်ကွင်း ၁၈ ကွင်း |
| **ရေကြောင်းပို့ဆောင်ရေး** | | သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား၊ သာကေတဆိပ်ခံတံတား၊ အလုံဆိပ်ခံတံတား၊ မြန်မာ့စက်မှုဆိပ်ကမ်း |
| **ဆက်သွယ်ရေးကဏ္ဍ** | | ဆယ်လူလာတယ်လီဖုန်းစနစ်၊ CDMA တယ်လီဖုန်းစနစ်၊ GSM တယ်လီဖုန်းစနစ်၊ Data Communication, e-mail, Internet, Intranet Data Line နှင့် e-mail |

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့ထုတ်ခောင်ရေ ၂၀၂၉၁၁**

## ပြည်သူလူထု၏ကြွေးကြော်သံများ

* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ဖော်ဆောင်ရေး
  **အောင်ရမည်၊အောင်ရမည်**
* အမျိုးသားညီလာခံကျင်းပရေး
  **အောင်ရမည်၊အောင်ရမည်**
* ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး
  **အောင်ရမည်၊အောင်ရမည်**

# ဖွဲ့စည်းပုံအခြေခံဥပဒေသည်အသက်ဝိညာဉ်ပမာအရေးကြီး ပျောက်ကွက်၊ဟာကွက်မရှိဘဲအားကိုးအားထားရမည့် အခြေခံဥပဒေကောင်းဖြစ်ရန်အလေးထားပြုစု

**ရှေ့ဖုံးမှ**

လူထုအစည်းအဝေးမစတင်မီ အမှတ်(၁)စစ်ကြောင်းတွင် ပါဝင်သော အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူအင်အား ၁၇၅၀ တို့သည် စစ်ကြောင်းမှူး ဘားအံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစ,ရွှေဇင်လတ်ခေါင်းဆောင်ပြီး အလံကိုင်အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့နှင့်အတူ သတ်မှတ်နေရာမှ လူထုအစည်းအဝေး ကျင်းပရာ ဘားအံမြို့ သီရိကွင်းသို့ ချီတက်ကာ စနစ်တကျနေရာယူကြသည်။

အလားတူ အမှတ်(၂)စစ်ကြောင်းတွင် ပါဝင်သော အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူအင်အား ၁၇၅၀ တို့သည် စစ်ကြောင်းမှူး ဘားအံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ မြို့မတပ်ခွဲမှူး ဦးကိုကိုနိုင် ခေါင်းဆောင်ပြီး အလံကိုင်အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့နှင့်အတူ သတ်မှတ်နေရာမှ လူထုအစည်းအဝေးကျင်းပရာ ဘားအံမြို့သီရိကွင်းသို့ ချီတက်ကာ စနစ်တကျ နေရာယူကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❒



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့သီရိကွင်း၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)**

